မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၁၃ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၂၅၁)

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(၁၆၂၁-၅၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း နိုင်ငံတော်အဆင့်ချစ်ကြည်ရေး ခရီးစဉ် (State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်အမျိုးသားပြည်သူ့ ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံ သွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ○

ယနေ့ ဖတ် စ ရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

လွှတ်တော်ရေးရာ စာ ၆

တတိယအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကျင်းပ

လွှတ်တော်ရေးရာ စာ ၈

ဗူလုံမှူ ဘေးကင်းမှုမသည် မြင့်မားသောဘဝအဆင့်အတန်းတစ်ခု ဆီသို့ ...

ဆောင်းပါး စာ ၁၀

ကမ္ဘာ့အမွေအနှစ် ပုဂံဒေသအတွင်းရှိ ရှားပါးနံရံဆေးရေးပန်းချီလက်ရာရှိ အဆောက်အအုံများ အသေးစိတ်မှတ်တမ်းပြုစုခြင်းလုပ်ငန်းအဖြစ် ငဖုန်းသင်ယောင် ဂူဘုရားအား ဆောင်ရွက်လျက်ရှိ

ပုဂံ ဇွန် ၁၂



ကမ္ဘာ့အမွေအနှစ် ပုဂံဒေသရှိ နံရံဆေးရေးပန်းချီများအား မသမာသူများက ခိုးယူခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊ လူတို့၏ ဖျက်ဆီးမှုခံရခြင်းနှင့် အခြားဘေးအန္တရာယ်တို့ကြောင့် ပျက်စီးမှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည့်အတွက်

စာမျက်နှာ ၂ ကော်လံ ၃ ❖

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့ မိုးလေဝသ (၁၃-၆-၂၀၂၆)

နေပြည်တော်

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်ပြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြင့်

HRB-500 အပျိုးအစား Deformed Bar များကို စက်ရုံရေးပြင့်

ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၀၀၊ ၀၉ ၉၆၉၈၀၂၂၄၅

ဝစီဒုစရိုက် လေးပါးနှင့် အမုန်းစကားတို့ ရှောင်ကြဉ်

ရဟန်းတို့၊ အင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသောစကားသည် ကောင်းစွာဆိုအပ်သည်မည်၏။ မကောင်းသဖြင့် ဆိုအပ်သည်မမည်။ အပြစ်လည်းမရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်။ အဘယ် ငါးမျိုးတို့နည်း ဟူမူ- အခါကာလ အားလျော်စွာ ပြောဆိုအပ်သည်လည်းဖြစ်၏။ မှန်ကန်သော စကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။ သိမ်မွေ့သောစကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။ အကျိုးစီးပွားနှင့် စပ်သောစကားကို ပြောဆိုအပ်သည်လည်းဖြစ်၏။ မေတ္တာစိတ်ဖြင့် ပြောဆိုအပ်သည်လည်းဖြစ်၏။ ရဟန်းတို့ ဤအင်္ဂါငါးမျိုးတို့နှင့် ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သည်မည်၏။ မကောင်းသဖြင့် ဆိုအပ်သည်မမည်၊ အပြစ်လည်းမရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်ဟု ဖြတ်စွာဘုရားက မိန့်တော်မူခဲ့ကြောင်း အဂ်ိုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ ဝါစာသုတ်၌ ဖော်ပြထားသည်။

စစ်ကဲသည် နှုတ်ဖြင့် အလွယ်တကူပြုလုပ်နိုင်သည့်အလျောက် အကျိုးနှင့် အပြစ်တို့ကို မဆင်ခြင်နိုင်ဘဲ အလွယ်တကူပြုလုပ်လေ့ရှိကြသည်။ သို့ဖြစ်ရာ လူတို့ပြုလုပ်လေ့ရှိကြသည့် မကောင်းမှုဒုစရိုက်တို့တွင် ဝစီဒုစရိုက်က အများစုဖြစ်သည်။ မဟုတ်မမှန် ပြောဆိုခြင်း၊ ကုန်းတိုက်စကားပြောဆိုခြင်း၊ ကြမ်းတမ်းသောစကား ပြောဆိုခြင်း၊ သိမ်မဲဖျင်းသောစကားပြောဆိုခြင်းတို့သည် ဝစီဒုစရိုက်လေးမျိုး ဖြစ်ပြီး မိမိတို့နေ့စဉ်ဘဝများတွင် ကြားနေ၊ မြင်နေကြရခြင်းလည်း ဖြစ်သည်။ မျက်မှောက်ခေတ်သည် ဆက်သွယ်ရေးနည်းပညာ တိုးတက်ထွန်းကားသည့် ခေတ်လည်းဖြစ်ရာ မိမိတို့ပတ်ဝန်းကျင်မှာ သာမက လူမှုကွန်ရက်များတွင်ပါ ဝစီဒုစရိုက်အမှုများ တွင်တွင် ကျယ်ကျယ်ပြုနေကြသည်ကို ကြားသိနေကြရခြင်းဖြစ်သည်။

ယနေ့ မိမိတို့ လူ့အဖွဲ့အစည်းတွင် အသုံးပြုနေကြသည့် လူမှုကွန်ရက်များ၌ အမုန်းစကားပြောဆိုမှုများ၊ ဖြန့်ဝေမှုများ ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နေကြသည်ကို နေ့စဉ်တွေ့မြင်နိုင်သည်။ လူမျိုး၊ ဘာသာကွဲပြားမှုအများအပြားရှိနေသည့် နိုင်ငံတွင် ထိလွယ်၊ ရှလွယ်ဖြစ်လေ့ရှိသည့် လူမျိုးရေး၊ ဘာသာရေးတို့ကို အကြောင်းပြု၍ နိုင်ငံနှင့် လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှုမရှိအောင်၊ လူမှုအသိုက်အဝန်းများ တစ်ခုနှင့်တစ်ခုကြားတွင် ရန်ငြိုးရန်စ ရန်မီးပွားတို့ ဖြစ်လာအောင် သွေးထိုးလှုံ့ဆော်နေကြခြင်းပင်ဖြစ်သည်။ စင်စစ် အမုန်းစကားဆိုသည်မှာ ဝစီဒုစရိုက်အားလုံး ပေါင်းရုံးပါဝင်နေသည့် စကားယုတ်၊ စကားညံ့ပင်ဖြစ်သည်။ ဤသို့သော စကားကို ကြားကြရသည့်အခါ မကောင်းကျိုးအတွက် ရည်ရွယ်သော ဒုစရိုက်စကား ဖြစ်သည့်အလျောက် ကြားရသူတိုင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ဖြစ်ကြစေနိုင်သည်။ မိမိရင်ထဲတွင် ယခင က မရှိခဲ့သော ဒေါသမီးသည်လည်း အမုန်းစကား ကြားမိသည့်အခါတွင်မှ တောက်လောင်လာနိုင်သည်။ ယခင က ရန်ဘက် မဟုတ်ခဲ့သည့် အခြားတစ်ဖက်ကို အမုန်းစိတ်ဝင်ကာ ရန်ဘက်အဖြစ် သတ်မှတ်လာနိုင်သည်။ ဤသည်မှာ အမုန်းစကားကို ဖြန့်ဝေသူ ဒုစရိုက်သမား၏ ရည်ရွယ်ချက်အမှောင့် ပယောဂ အောင်မြင်သွားခြင်းပင်ဖြစ်သည်။

မိမိတို့မြို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် ဆက်လက်လျှောက်လှမ်း၍ နိုင်ငံဖွံ့ဖြိုးရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားရေးတို့ကို ဆောင်ရွက်လျက်ရှိရာတွင် မျက်မှောက်ကာလ၌ စိန်ခေါ်မှုများစွာ၊ အဖျက်အမှောင့်များစွာတို့ကိုလည်း ရင်ဆိုင်ဖြေရှင်းကျော်လွှားနေရသည်။ မျက်မှောက် ကမ္ဘာ့နိုင်ငံရေးအခြေအနေများ၊ မိမိတို့ပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို ဆက်စပ်၍ သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံအတွက် အန္တရာယ်ကြီးမားလျက် ရှိသည်ကို တွေ့ရှိနိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်ရာ လူမျိုးရေး၊ ဘာသာရေး စသည်တို့နှင့် စပ်လျဉ်း၍ တို့မီးရှို့မီးလုပ်မှု သွေးထိုးမှု လှုံ့ဆော်မှုဟူသမျှတို့ကို ပညာဉာဏ်ဖြင့် ဆင်ခြင်သတိပြုကြရန်နှင့် ယင်းသို့သော လုပ်ရပ်များကို တွေ့မြင်ကြားသိကြပါက တည်တည်ကြတ်တည်ပိုင်းဝန်းဆန့်ကျင် တားဆီးကြရန်လိုသည်။ အသိအမြင် အားနည်းသူတို့ကို လမ်းမှားသို့ မလိုက်မိကြစေရန်နှင့် မှန်ကန်သည့် အသိတရားတို့ ဖြစ်ပေါ်လာစေရန် လမ်းပြပေးရန်လိုပြီး မြန်မာ့လူဘောင်အဖွဲ့အစည်းတစ်ရပ်လုံး တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးသည် မြန်မာဟူသော စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လိုသည်။

သက်ရှိသတ္တဝါများအနက် လူ၏ ထူးခြားချက်မှာ စကားပြောတတ်ခြင်း၊ စကားပြောနိုင်ခြင်းပင်ဖြစ်သည်။ ပြောဆိုသော စကားအားဖြင့် လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်၊ ဆက်ဆံနိုင်ကြသည်၊ အသိပညာ ဖလှယ်နိုင်ကြသည်။ မိမိ၏ထင်မြင်ယူဆချက်နှင့် သဘောထားတို့ကိုလည်း သိစေနိုင်ကြသည်ဖြစ်ရာ စကားကြောင့် အကျိုးဖြစ်ထွန်းကြသည်။ သို့ဖြစ်ရာ စကားကြောင့် လူ့အဖွဲ့အစည်း၏ ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေပြီး အကျိုးမဲ့စေမည့်အစား တစ်ဦးနှင့်တစ်ဦး၊ အသိုက်အဝန်းတစ်ခုနှင့်တစ်ခု ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ဖြစ်ပေါ်စေပြီး လူ့ဘောင်ဘဝ သာယာချမ်းမြေ့ရေးအတွက် ချိန်ခါကိုက်ညီသည့်စကား၊ မှန်ကန်သည့်စကား၊ ယဉ်ကျေးသည့်စကား၊ အကျိုးဖြစ်ထွန်းစေသည့် စကား၊ မေတ္တာနှင့်ယှဉ်သည့် စကားတို့ကိုသာ လူတိုင်းပြောကြားကြရပါမည့်အကြောင်း။ ။

(၁၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၃ ~ ၃၆၆၉	၅၁၇ - ၅၁၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၁,၆၆၆,၇၄၃.၈၂	၅,၀၉၈,၆၀၀.၀၀	၃,၂၀၉,၇၇၃.၈၃	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ ကတ္တရာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန် ဒေါ်လာ ၁.၆၂ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈,၆၁၇.၀၀ ကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂,၆၂၄.၁၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

၁၂ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

❖ *ရှေ့ဖုံးမှ*

စနစ်တကျ မှတ်တမ်းပြုစုခြင်းနှင့် နံရံဆေးရေးပန်းချီရှိသော ရှေးဟောင်းအဆောက်အအုံများအား အဆင့်သတ်မှတ်ခြင်း(Grading) ဆောင်ရွက်ထားရှိပြီး နှစ်စဉ် ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှု ဗိသုကာလက်ရာများဖြစ်သည့် ရှေးဟောင်းဂူဘုရား၊ စေတီ၊ ပုထိုး၊ အုတ်ကျောင်း၊ သိမ်နှင့် ဥမင်များစသည့် ရှေးဟောင်းအဆောက်အအုံများ ပိုမိုတိုးတက်ဖော်ထုတ်နိုင်ရန်နှင့် မြန်မာ့သမိုင်းအတွက် အလွန်အရေးပါသည့် မြန်မာမှုဗိသုကာလက်ရာ အဆင့်တန်ဆာများ၊ မြန်မာမှုအတတ်ပညာများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို သဘာဝဘေးအန္တရာယ်၊ လူသားတို့ ပြုမူမှုဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ရေးအတွက် ပုဂံဒေသရှိ ရှားပါးအနုလက်ရာများဖြစ်သည့် နံရံဆေးရေးပန်းချီများနှင့် အင်္ဂတေပန်းလက်ရာများအား အသေးစိတ် မှတ်တမ်းပြုစုခြင်း သုတေသနလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် ရှားပါးနံရံဆေးရေးပန်းချီလက်ရာရှိသော ရှေးဟောင်းအဆောက်အအုံ (၅) ဆူကို ရွေးချယ်ဆောင်ရွက်လျက်ရှိရာ ငဖုန်းသင်ယောင်ဂူဘုရားသည် ရွှေဆံတော်ဘုရား၏ အနောက်တောင်ဘက်တွင်တည်ရှိသော ဂူဘုရားငယ်တစ်ဆူဖြစ်ပြီး ပုဂံခေတ်နောင်ပိုင်း ၁၃ ရာစုလက်ရာဖြစ်ကာ ရှေးဟောင်းအဆောက်အအုံအမှတ် ၁၅၃၆ ဖြစ်သည်။ ငဖုန်းသင်ယောင် ဟူသောအမည်သည် ထိုဂူဘုရားအတွင်းတွင် တွေ့ရသော မင်စာတစ်ခုအပေါ် အခွဲပြု၍ခေါ်ဝေါ်ကြသောအမည် ဖြစ်သည်။ ငဖုန်းသင်ယောင်ဂူဘုရားအတွင်းဘက်တွင် စိတ်ဝင်စားဖွယ် စက်ဝန်းပန်းချီများအပါအဝင် အခြားသောပန်းချီများ ရေးဆွဲထားပြီး ပန်းချီများသည် ကျမ်းဂန်လာ စကြဝဠာတည်ရှိပုံနှင့် ဗုဒ္ဓ၏စာပေကျမ်းဂန်လာ ဒေသနာတော်များကို ဖော်ညွှန်းသရုပ်ဖော် ရေးဆွဲထားခြင်းဖြစ်သည်။ ထို့ကြောင့် ရှားပါးနံရံဆေးရေးပန်းချီများအား ရေရှည်တည်တံ့စေရန်နှင့် သုတေသနလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ် မှတ်တမ်းပြုစုလျက်ရှိကြောင်း သိရသည်။

ဒီပါလင်း

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃ - ၆ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၈၀	၄၀၅၅	၄၀၀၀	၃၈၉၅	၄၀၅၅	၄၀၇၀	၄၁၀၀	၃၉၇၅	၄၁၀၀	၄၄၁၀	၃၉၉၅	၄၀၉၀	၄၀၄၅	၄၀၄၅	၄၀၅၅	၄၂၇၅
95 Ron	၃၉၁၅	၄၀၉၀	၄၀၃၅	၃၉၃၅	၄၀၉၀	၄၁၀၅	၄၁၀၅	၄၀၀၀	၄၁၄၅	၄၄၄၅	၄၀၃၀	၄၂၂၀	၄၁၀၀	၄၀၈၅	၄၀၉၀	၄၃၁၀
HSD (500 ppm)	၃၉၅၅	၄၁၆၀	၄၁၀၅	၄၀၀၀	၄၁၆၀	၄၀၇၅	၄၂၀၅	၄၀၈၀	-	၄၅၀၀	၄၁၀၀	၄၄၉၀	၄၁၀၅	၄၁၅၀	၄၁၆၀	၄၃၇၀
HSD (50 ppm)	၄၀၀၀	၄၉၇၀	၄၉၁၅	၄၀၀၅	၄၉၇၅	၄၉၈၅	၅၀၃၀	၄၉၉၀	၅၀၃၀	၅၃၂.၂၅	၄၉၁၅	၅၀၉၅	၅၀၀၀	၄၉၆၅	၄၉၇၀	၅၁၃၀
HSD (10 ppm)	၄၀၀၀	၄၉၇၀	၄၉၁၅	၄၀၀၅	၄၉၇၅	၄၉၈၅	၅၀၃၀	၄၉၉၀		၅၃၂.၂၅	၄၉၁၅	၅၀၉၅	၅၀၀၀	၄၉၆၅	၄၉၇၀	၅၁၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၇၀	၃၇၇၈
95 Ron	၃၇၀၅	၃၈၁၃
HSD (500 ppm)	၃၇၉၂	၃၈၉၈
HSD (50 ppm)	၄၅၆၀	၄၆၈၁
HSD (10 ppm)	၄၅၆၀	၄၆၈၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဦးနေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချိုင်း(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၀၅၊ ငွေစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချီရေး ၀၁-၅၄၄၃၀၇၊ Fax ၀၁-၈၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

❍ *ရှေ့ဖုံးမှ*

ထို့အပြင် စီးပွားရေးကွန်ဖရင့်သို့ တက်ရောက်ရန်ရှိပြီး အဆင့်မြင့် နည်းပညာသုံး စက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာသွားမည် ဖြစ်ပါသည်။ ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုနိုင်မာလာစေရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ လုံခြုံရေး ဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည် ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHA-VONG နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံမှ လိုက်လဲ့နွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ အထူးကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယခုကဲ့သို့ တရားဝင်ခရီးစဉ်များ လာရောက်တွေ့ဆုံခြင်းသည် လည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုအခြေအနေများအပေါ်တွင် အပြည့်အဝ နားလည်ပြီး မြန်မာနှင့်အာဆီယံ ဆက်ဆံရေး ပိုမို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် အခွင့် အလမ်းများ ဖော်ဆောင်နိုင်ရေးလာရောက်ခြင်းဖြစ် သည်ဟု မိမိအနေဖြင့် နားလည်သဘောပေါက်ပါ ကြောင်း၊ မိမိတို့မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူ များ၏ရွေးချယ်မှု၊ လွတ်တော်စင်မြင့်တွင် စနစ် တကျ ရွေးကောက်တင်မြှောက်မှုများဖြင့် ဖြစ်ပေါ် လာသည့် ရွေးကောက်ခံအစိုးရတစ်ရပ် ဖြစ်ကြောင်း၊ သို့ဖြစ်၍အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အနေဖြင့်လည်း မိမိတို့နိုင်ငံရေးအစိုးရအပေါ် ထောက်ခံဖဲ့ပေးခဲ့ကြသည့် ပြည်သူများ၏ ဆန္ဒနှင့် လွတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒအပေါ် မျက်ကွယ်မပြုကြရန်လိုကြောင်း၊ မိမိတို့အစိုးရ အနေဖြင့် စတင်တာဝန်ယူစဉ်ကတည်းကပင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆောင်ရွက် ခဲ့ပြီး ၅ နှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြား လိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည် ကို ကောင်းစွာ နားလည်လက်ခံထားကြောင်း။

မိမိ၏သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမှု အခမ်းအနားတွင် လာအိုနိုင်ငံမှ အထူးကိုယ်စားလှယ် အဖွဲ့ စေလွှတ်ပေးခဲ့မှုနှင့် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရမှုအပေါ် လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ သမ္မတက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိ ကြောင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီး နားချင်းကောင်း မိတ်ဆွေရင်းနှီးငံ၊ ယုံကြည်စိတ်ချ ရသည့် ညီအစ်ကိုနိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးအတွက် များစွာ အထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ အချိန်ပေး၍ ဂါရဝပြုတွေ့ဆုံခွင့်ပေးသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုအကျိုးသက်ရောက်မှုများရှိမည် ဖြစ်ပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် အဆွေတော်သမ္မတကြီး ကို နွေတ်ခွန်းဆက်စကား ပါးလိုက်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြ ပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ တူညီကာ နှစ်ပေါင်း ၇၀ ကျော် ကာလရှည်ကြာသည့်တိုင်အောင် ချစ်ကြည်ရင်းနှီးကြသည့် နိုင်ငံများပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရမှု အပေါ်တွင်လည်းများစွာ ဂုဏ်ယူဝမ်းမြောက်မိပါ ကြောင်း၊ မိမိတို့လာအိုနိုင်ငံသမ္မတကြီးမှ အဆွေတော် သမ္မတကြီးအား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာ ကိုလည်း လက်ရောက်ပေးအပ်လိုပါကြောင်းနှင့် အဆိုပါ ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည် ရင်းနှီးမှု၊ အာဆီယံနိုင်ငံများအကြား အချင်းချင်း ဆက်ဆံမှုတို့ကို များစွာအထောက်အကူဖြစ်စေနိုင် မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာ နိုင်ငံ ရွေးကောက်ခံအစိုးရ၏ နိုင်ငံတော်တာဝန် ထမ်းဆောင်နေမှုအပေါ် မားမားမတ်မတ်ရပ်တည် ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တရားဝင် ခရီးစဉ် လာရောက်ခဲ့ရမှုအပေါ်တွင်လည်း များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်ဖြင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံ အကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဖြင့်တင်ဆောင်ရွက်သွား မည့်အခြေအနေများ၊ နိုင်ငံခြေင်းဆောင်များ အပြန် အလှန် လည်ပတ်ခဲ့မှု အခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်သွယ်မှုများ ဖြင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပူးပေါင်း ဆောင်ရွက်မှုများမှတစ်ဆင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီး မှုနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက် မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံမှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပါတီစုံဒီမို ကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငံခိုင်မာမဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ရွေးကောက်ခံ အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် အပြည့်အဝနားလည်မှုရှိသည့် အခြေအနေများ၊ မြန်မာ နိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ ရင်ဆိုင်ကျော်လွှားပြီး အပြန်အလှန်ကူညီ ဆောင်ရွက်သွားမည့် အခြေအနေ များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအို နိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန် အလှန် ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

“ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံမှုအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ”

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လျှုဒါန်းသည့် စာအုပ်များအား လက်ခံ

နေပြည်တော် ဇွန် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့်ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦးက ပေးအပ်လျှုဒါန်းသည့် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေဆု (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်သည့် စာရေးဆရာ သက်နိုင်ဦး (ကျည်ကာ) ကလောင်အမည်ဖြင့် ရေးသားထားသော **“တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်းမြေပုံကျမ်း”** စာအုပ် ၄၅၀ ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လျှုဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လျှုဒါန်းသည့် စာအုပ်များကို လက်ခံရယူစဉ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်) တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ညွှန်ကြားကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် အမှတ်(၂)တပ်မတော် လူငယ်ပညာရေး သင်တန်းကျောင်းနှင့် နေပြည်တော်ကောင်စီ နယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ (နေပြည်တော်) များသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၂) တပ်မတော် လူငယ်ပညာရေး သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာများ နေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးသည့် ဘာသာရပ်များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာများနှင့် သင်ကြားမည့် ဆရာ၊ ဆရာမ အင်အား ဖြည့်ဆည်းထားရှိမှု အခြေအနေများ၊ ကျောင်းသားများအတွက် ယူနီဖောင်း၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများထောက်ပံ့ပေးထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တ ကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့်တပ်မတော်က အားထားရသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သော ကျောင်းသားများ ဖြစ်အောင် ပျိုးထောင်ပေးရန်၊ အားကစားတွင် အရည်အသွေးရှိသူများကို ထူးချွန်သည်အထိ မြေတောင်မြှောက်ပေးရန်၊ ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးရန်၊ ဆရာ/ဆရာမများနှင့်ပတ်သက်၍ ကျွမ်းကျင်သော ဘာသာရပ်အလိုက် သင်ကြားမှုတွင် ကိုက်ညီအောင် စီမံပေးရန်၊ သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းများကို အကျိုးရှိအောင် အသုံးချ၍ သင်ကြားပေးရန်၊ လစဉ်နှင့်နှစ်ဝက် ဆန်းစစ်စာမေးပွဲများကို အရည်အသွေးပြည့်မီအောင် စီစစ်ပြီး လိုအပ်သော ဘာသာရပ်များကို အချိန်ပိုသင်ကြားပေးခြင်းစသဖြင့် တတ်မြောက်မှုနှင့် အောင်ချက်မြင့်မားစေရေး ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ် တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း၌ Grade–10၊ Grade–11၊ Grade–12 တို့တွင် ကျောင်းသားများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းကျောင်းနှင့် ဆရာ/ဆရာမများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆရာ/ ဆရာမများက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် ကျောင်းသားများ စနစ်တကျ နေထိုင်စားသောက်ရေးအတွက် အိပ်ဆောင်များ၊ ထမင်းစားဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ (နေပြည်တော်) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်း ဆိုင်ရာများအား လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ပြီး တိုက်ခန်းများအတွင်း မိသားစုများ အသင့်နေထိုင်စားသောက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာနေစစ်မှုထမ်းဟောင်းမိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှုအဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးရန်၊ စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည့်အပြင် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးရန် အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ (ဝဲပို့)

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ်တိုက်ခန်းများနှင့် တည်ဆောက်ဆဲတိုက်ခန်းများ၊ တည်ဆောက်ပြီး အခြားအဆင့်၊ အရာရှိငယ်၊ အရာရှိကြီးတိုက်ခန်းများသို့ ပြောင်းရွှေ့လာမည့် မိသားစုများ အဆင်သင့် နေထိုင်စားသောက်နိုင်ရေးအတွက် တပ်မတော်ကကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးထားသည့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သော ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများအား ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE နှင့်ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပညာရွှေအိုး လူမခိုး

ပညာရဲရင့် ပွဲလယ်တင့်

(၁၀)ကြိမ်မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

ရန်ကုန်မြို့၌ ပြုလုပ်သည့် (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ (10th Myanmar–Thai Navy to Navy Talks) သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့် ရေတပ် Naval Operations Department, Office of Policy and Planning မှ Director ဖြစ်သူ Rear Admiral Chaksawat Saiwong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ကြသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံ ရေတပ်ဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စစ်ရေယာဉ်များ အပြန်အလှန်လည်ပတ်စဉ် ဆောင်ရွက်မည့် အစီအစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များအား သဘောတူလက်မှတ်ရေးထိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျောထင်ခန်းမ၌ ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်သည်။

ရေတပ်လေ့ကျင့်ရေး ဌာနချုပ်သို့ ရောက်ရှိစဉ် ထိုင်းဘုရင့် ကိုယ်စားလှယ်အဖွဲ့ သည် တပ်မတော်(ရေ) နှင့် ထိုင်းဘုရင့် ရေတပ်တို့၏ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ကြည့်ရှုခြင်းနှင့် ရေတပ်လေ့ကျင့်ရေးဆိုင်ရာ ဆင်မြူလေတာများ၏ သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှု၍ ညှိသည်အတော်မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းဘုရင့် ရေတပ်မှ

ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ်စစ်သံမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနှင့် လာအို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေ၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE နှင့် ဇနီးတို့သည် ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင် ခရီးစဉ် လာရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနå၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ ဆွေးနွေးပွဲ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကာလကြာရှည် ချစ်ကြည်ရင်းနှီးမှု ပို့မိုးခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပို့မိုးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှိရင်းစွဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပြန်လည်စတင်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အွန်လိုင်းလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရချင်း၊ လွှတ်တော်ချင်း သာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်ရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ အလုပ်သမားနှင့် အားကစားကဏ္ဍ အပါအဝင် နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနှင့် လာအိုနိုင်ငံတို့တွင် အစိုးရသစ်များ အသီးသီး စတင်တာဝန်ယူသည့် အချိန်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အဆင့် (LDCs) မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ အောင်မြင်စေရန် ဆုတောင်းပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ထောက်ခံမှုပြသသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနှင့် လာအိုတို့သည် အာဆီယံသို့ တစ်ချိန်တည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည့်နိုင်ငံများဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် ထောက်ခံရပ်တည်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားလိုကြောင်း၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းနှင့် နယ်စပ်ကုန်သွယ်မှု တိုးမြှင့်လိုပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းများမှ တစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အာဆီယံဆိုင်ရာကိစ္စရပ်များတွင် စည်းလုံးညီညွတ်မှုကိုအခြေခံ၍ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအဆင့်နှင့် အာဆီယံ၊ GMS၊ CLMV နှင့် အခြားဒေသဆိုင်ရာ အဆင့်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Park Royal ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

သတင်းစဉ်

ရေရှည်တည်တံ့သော စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးမည့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၆ ကျင်းပ

မန္တလေး ဇွန် ၁၂

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ဖိုရမ် -၂၀၂၆ (Mandalay Investment Forum-2026)ကို ယနေ့တွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC)နှင့် အိန္ဒိယ-မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီးတို့ ဆုံစည်းရာ မဟာဗျူဟာမြောက် ကုန်သွယ်မှုတံခါးပေါက် ဖြစ်ပြီး သယ်ယူပို့ဆောင်ရေး စနစ်များ အခိုင်အမာရှိသည့် ဒေသတွင်း ထောက်ပံ့ပို့ဆောင်ရေးဗဟိုချက် (Logistic Hub) တစ်ခုဖြစ်သောကြောင့် ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ကြိုဆိုအားပေးပါကြောင်းနှင့် လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုး ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် လက်ရှိ ရင်းနှီးမြှုပ်နှံမှု အခြေအနေများ နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းဖြစ်လာစေရန် တို့အတွက် ရည်ရွယ်၍လည်းကောင်း စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ **(အပေါ်ပုံ)** အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက ကဏ္ဍမှ လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကိုတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်

FOOTBALL FOR SCHOOL LAUNCHING CEREMONY တက်ရောက်

နေပြည်တော် ဇွန် ၁၂

FOOTBALL FOR SCHOOL LAUNCHING CEREMONY ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းရှိ ဘောလုံးကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ဦးရဲမြင့်ထွန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဒေါက်တာခေါ်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ဘောလုံးကွင်းအတွင်း နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီးအား အလေးပြုကြကာ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်စောဦးက Adidas size 4 ဘောလုံးများအား နေပြည်တော် ပညာရေးမှူး ဒေါက်တာကျော်လွင်ထံ ပေးအပ်သည်။

လက်တွေ့သရုပ်ပြသင်ကြား

ထို့နောက် ကျောင်းသား ကျောင်းသူများ FIFA School Mini Football Field အတွင်း လက်တွေ့သရုပ်ပြ သင်ကြားနေမှုနှင့် စာကြည့်တိုက်နှင့် ဒီဂျစ်တယ် သင်ယူမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မလှိုင်မြို့နယ်၌ အခွန်ဆိုင်ရာရှင်းလင်းဟောပြော

မလှိုင် ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အခွန်ဆိုင်ရာ သိကောင်းစရာပညာပေးရှင်းလင်းဟောပြောပွဲကို ယနေ့ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဟောပြောကာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများ၏ သိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဓေဝိမင်း(မလှိုင်)**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ကမ္ဘာ့ဝတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **အခြေခံလူထုစားသောက်ကုန်နှင့် ဆေးဝါးများ အပေါ် သွင်းကုန်အခွန်လျှော့ချပေးရန်နှင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ထိရောက်သော မူဝါဒမျိုးချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့်ဒေသကုန်ထုတ်လုပ်သူများကို မည်သို့ထိရောက်သည့်မူဝါဒများနှင့် ပံ့ပိုးသွားမည်ကိုသိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ဆန်၊ ဆီ၊ ဆား၊ ဂရုပ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ အသား၊ ငါး၊ ဥအမျိုးမျိုး စသည့်အခြေခံ စားသောက်ကုန်များ၊ အိမ်သုံးဆေးဝါး၊ လူသုံးဆေးဝါး၊ တိုင်းရင်းဆေးဝါး စသည့် ဆေးဝါးအမျိုးမျိုးအပါအဝင် ပြည်သူလူထုအတွက် အခြေခံလိုအပ်သည့် ကုန်စည် Essential Goods ၄၆ အုပ်စုနှင့် ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေးစသည့် အခြေခံဝန်ဆောင်မှု Essential Supplies ၃၄ အုပ်စုတို့ကို ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

အခြေခံအိမ်သုံးဆေးဝါးများအား အခွန်ကင်းလွတ်ခွင့်သတ်မှတ်ပြဋ္ဌာန်းထားပြီး အဆိုပါ ဆေးဝါးများမှအပ ကျန်ဆေးဝါးများအား အကောက်ခွန်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားများတွင် ပြည်တွင်းဆေးဝါးထုတ်လုပ်မှု တိုးတက်ဖွံ့ဖြိုးစေရန်နှင့် ဆေးဝါးထုတ်လုပ်မှုကုန်ကျစရိတ်လျော့ချနိုင်ပြီး ဆေးဝါးဈေးနှုန်းများ ကျဆင်းရန်အတွက် ဆေးဝါးကုန်ကြမ်း ၄၅၄ မျိုးအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြုထားပြီးဖြစ်ရာ နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ထပ်မံထည့်သွင်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံစားကုန်များ၏ နေ့စဉ်ဈေးနှုန်း ဖြစ်ပေါ်နေမှုနှင့် ကုန်စည်စီးဆင်းမှုများကို စိစစ်သုံးသပ်၍ ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသွင်းကုန် လျော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်စေရန်အတွက် အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်တိုးတက်စေရန်နှင့် သွင်းကုန်အစားထိုး၍ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရေး

နိုင်ငံတော်မှ MSME လုပ်ငန်းရှင်များကို ဘဏ်များနှင့် ချိတ်ဆက်၍ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ နန်းသန်းသန်းမွေး၏ **ရှမ်းပြည်နယ် စစ်ဘေးရှောင်များ ယာယီနေအိမ်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မှတ်ပုံတင်လျှောက်ရာတွင် လဝကမှ ၎င်းတို့နေထိုင်ရာမြို့ ထောက်ခံစာများရယူပေးရန်နှင့် စပ်လျဉ်း၍ စစ်ဘေးရှောင်များ၏ဘဝကို ကူညီပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ်ဆောင်ရွက်ပေးစေလိုကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖြင့်ကြိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် နားခိုရာနေရာများ ဖန်တီးဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် NGO၊ INGO အဖွဲ့များဖြင့် ပေါင်းစပ်ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယာယီနေရပ်စွန့်ခွာသူများ စားဝတ်နေရေး ပြေလည်စေရန် ကျွမ်းကျင်သည့် အလုပ်အကိုင်အလိုက် ဒေသတွင်းအလုပ်အကိုင်ရရှိရေး စီမံဖန်တီးခြင်းအပြင် နိုင်ငံတော်မှ တစ်ဦးလျှင် တစ်လကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလ စာရင်းအရ ယာယီနေရပ်စွန့်ခွာသူ ၉၂၉၇ ဦးသာ ကျန်ရှိပါကြောင်း၊ ကျန်ရှိသူများလည်း မကြာမီ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်အခြေချတော့မည်ဖြစ်ပါကြောင်း။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးအခြေအနေအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှိ မြို့နယ် ဦးစီးမှူးရုံး ၁၂ ရုံးအား မူလဒေသများတွင် ဖွင့်လှစ်နိုင်ခြင်းမရှိချိန်တွင် တောင်ကြီးမြို့ ဆရာဝန်ကြီးများအသင်းတိုက်တွင် (ယာယီ)ရုံးများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား သက်ပြည့်လဲလှယ်၊ ပျောက်ဆုံး၊ ပျက်စီးမိတ္တူလျှောက်ထားသူ စုစုပေါင်း ၉၈၄၃ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ စု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် လုံခြုံရေးပြန်လည်ကောင်းမွန်လာ၍ တောင်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဒုတိယပြည်နယ်ဦးစီးမှူးရုံး(လား ရှိုး)အပါအဝင် လားရှိုးခရိုင်၊ လားရှိုး၊ ကွမ်းလုံ၊ သိန္နီနှင့် ကွတ်ခိုင်မြို့နယ်ရုံးတို့ကို လားရှိုးမြို့၌ လည်းကောင်း၊ နမ့မတူမြို့နယ်ရုံးကို သီပေါမြို့နယ်၌ လည်းကောင်း ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ပင်လောင်းမြို့နယ်တွင် အများဆုံးနေထိုင်သော ဖယ်ခုံမြို့နယ်မှ ပြည်သူများ အခက်အခဲမရှိ အဆင်ပြေစေရန်အတွက် ဖယ်ခုံမြို့နယ် (ယာယီ)ရုံးအား ပင်လောင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဖယ်ခုံမြို့နယ် လုံခြုံရေးအခြေအနေပြန်လည် ကောင်းမွန်လာသည့်အတွက် ဖယ်ခုံမြို့နယ်ဦးစီးမှူးရုံးအား ဖယ်ခုံမြို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံသားလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပါကြောင်း။ ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စုသို့ ပြန်လည် ရောက်ရှိသည့် စစ်ဘေးရှောင်ပြည်သူများအား ၃ရပ်ကွက်သာသနာ့လက်ရာဘုန်းတော်ကြီးကျောင်းတွင် လက်ခံထားရှိပြီးနိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအား ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်မြို့နယ်သည် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိသည့်ဒေသဖြစ်၍ မြို့နယ်ဦးစီးမှူးရုံးအား မူလနေရာတွင်ပင် ဖွင့်လှစ်ထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ဘေးရှောင်ပြည်သူများ လက်ရှိနေထိုင်ရာ ဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားနံပါတ် မှန်/မမှန်၊ ကိုယ်ရေး အချက်အလက် မှန်/မမှန် ဦးစွာတိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကောက်ခံသော အခွန်အခကြေးနှုန်းထားများသည် ခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီခြင်းမရှိသည့် အတွက် သင့်တော်သည့် နှုန်းထားများဖြင့် ပြင်ဆင် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးဖြင့်ကြိုင်က မြန်မာနိုင်ငံသား ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(ပုံကြမ်း)နှင့် နိုင်ငံသား ဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေနှင့် ဒဏ်ကြေး များအားပြင်ဆင်ရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ခွင့်ပြုနိုင်ပါရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ပြန်လည်တင်ပြခဲ့ပါကြောင်း။

ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန်မရှိပါကြောင်း ပြန်ကြားစာရှိပြီးဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား အတုပြုလုပ်သူ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီသူ၊ ကတ်ပြားအတု သုံးစွဲသူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် ယခုအစိုးရအသစ်လက်ထက်တွင် မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့် ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံသားဆိုင်ရာလုပ်ထုံး လုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာလုပ်ထုံး လုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံး လုပ်နည်းများပါ အခကြေးငွေ၊ ဒဏ်ကြေးငွေများအား ဆက်လက်ပြင်ဆင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု စာရင်းများအား ပေါင်နှံခြင်း၊ အာမခံထားခြင်းတို့ သည် တရားမဝင်ကြောင်း ကြေညာချက်၊ ညွှန်ကြား ချက်များ ထုတ်ပြန်ပေးရန်နှင့် ပေါင်နှံလက်ခံသူ၊ အာမခံလက်ခံသူများအား အရေးယူဆောင်ရွက် ပေးနိုင်ရေး ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးဖြင့်ကြိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေး ကတ်ပြားသည် မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံထားခြင်းဖြစ်သည့်အတွက် စနစ်တကျ ကိုင်ဆောင်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ အခြား သူတစ်ဦးအား လွဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရန်နှင့် မသက်ဆိုင်သူမှ ကောက်ယူရရှိသည့်အခါ အနီးဆုံးရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် အနီးဆုံး မြို့နယ်လဝကရုံးသို့ အမြန်ဆုံး ပေးအပ်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ထုတ်ပေးထားသည့် မှတ်တမ်း အထောက်အထားများအား ကိုယ်ကျိုးစီးပွားအတွက် မသက်ဆိုင်သူများလက်ဝယ်သို့ပေးအပ်၍ ကိုင်ဆောင် အသုံးပြုစေခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်၍ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ မသက်ဆိုင်သူများမှလည်း တရားမဝင်သိမ်းဆည်းခြင်းတို့ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ထပ်မံထုတ်ပြန်ရန်မရှိပါကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်ပါက အချက်အလက်နှင့်တကွ သတင်းပေးတိုင်ကြားနိုင်ပြီး ဆောင်ရွက်သူများအား တည်ဆဲဥပဒေများနှင့် အညီ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ညောင်ကျိုး-မဲလီကုန်း ဆက်သွယ်ရေး ကျောက်ကြမ်းခင်းလမ်းအား ကျောက်ချောခင်းလမ်း အဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ် တံတားအဖြစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂပူမြို့နယ် ညောင်ကျိုး-မဲလီကုန်း ကျောက်ကြမ်းခင်းလမ်းသည် မိုင်အရှည် ၁၃ မိုင် ၁ ဖာလုံရှိပြီး ညောင်ကျိုးမှ အိုးကွဲအထိ ၂ မိုင် ၄ ဖာလုံကွန်ကရစ်လမ်းနှင့် ဆင်သေမှ မဲလီကုန်းအထိ အရှည် ၅ မိုင် ကျောက်ချောလမ်းတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အိုးကွဲမှ ဆင်သေအထိ လမ်းအရှည် ၅ မိုင် ၅ ဖာလုံမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း။

ညောင်ကျိုးမှ ၄ မိုင် ၂ ဖာလုံရှိ ဘူးကွဲတောင် တံတားနှင့် ၅ မိုင် ၅ ဖာလုံရှိ ယက္ကန်းစင်သစ်သား တံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပိုင်တံတားများဖြစ်ပါကြောင်း၊ ညောင်ကျိုး - မဲလီကုန်း ဆက်သွယ်ရေးလမ်း ၁၃ မိုင် ၅ ဖာလုံအနက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနပိုင်လမ်း ၅ မိုင် ကျော်အား

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ ယာဉ်ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖို မြို့နယ် ထောက်ကြွေကွင်းကျေးရွာသို့ ရန်ကုန်-ပြည်လမ်းမှ ရာသီမရွေးသွားလာ အသုံးပြုနိုင်သည့် အဖာခံလမ်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန် - ပြည်လမ်းမှ ထောက်ကြွေကွင်းရွာအဝင်လမ်းသည် အရှည် ၁ မိုင် ၄ ဖာလုံရှိ ဂဝံလမ်းဖြစ်ပြီး ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် Class (A) အဆင့်လမ်းဖြစ်ပြီး ဂဝံခင်းခြင်းလုပ်ငန်းအား ပြည်ထောင်စု (သို့) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၂၃ စု၌ ကျေးရွာများမှ မြို့သို့ ဆက်သွယ်သွားလာသော လမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက တွံတေးခရိုင် ဒလမြို့နယ်သည် ကျေးရွာအုပ်စု ၂၃ အုပ်စု ကျေးရွာပေါင်း ၅၄ ရွာရှိပြီး ကျေးလက်လမ်း မိုင်ပေါင်း ၅၅ မိုင် ကျော်ရှိပါကြောင်း၊ ရာသီမရွေး သွားလာနိုင်သော လမ်းမိုင် ၃၄ မိုင်ကျော်ရှိပြီး နွေရာသီသာသွားလာနိုင်သော လမ်းမိုင် ၂၁ မိုင် ကျော်ရှိပါကြောင်း၊ ဒလမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၂၃ ခုနှစ်တွင် လွှဲပြောင်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်မှစ၍ ကွန်ကရစ်လမ်း ၄ မိုင် ၆ ဒသမ ၅၅ ဖာလုံ၊ ကျောက်လမ်း ၄ ဒသမ ၆၉ ဖာလုံနှင့် တံတား ၅၂ ပေတစ်စင်း၊ ၅' Box Culvert နှစ်ခုအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၁ မိုင် ၅ ဒသမ ၂၇ ဖာလုံ၊ ကျောက်လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၅ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ၁၂ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ၂၀' Box Culvert သုံးခု၊ ၁၀' Box Culvert တစ်စင်းနှင့် ၅' Box Culvert နှစ်ခုအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် ခွင့်ပြုမိန့် ရရှိပြီး ဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ရရှိရန်ပုံငွေပေါ်မူတည်၍ အကျိုးပြုနှုန်းအလိုက် ဦးစားပေးလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပုပွါးကျေးရွာအဝင် တံတားသည် ကြွံခိုင်မှုမရှိတော့ပါသဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် RC ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပုပွါးကျေးရွာအဝင် မူလတံတားအဟောင်း အလျား ၁၅ ပေ၊ အနံ ၁၂ ပေကို ၁၉၈၇ ခုနှစ်၌ ကျေးရွာနေပြည်သူများမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် တံတားအလယ်၌ ခိုင်ခံ့မှုမရှိတော့ဘဲ ကွေးညွတ်ခြင်း၊ ကမ်းကပ်ခံ နစ်ဖက်နှင့် ရေလယ်တိုင်များ အက်ကွဲခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် သံကူကွန်ရစ် RC တံတားအသစ် (၂၀x၁၄)ပေ ဆောင်ရွက်ပေးရန်လိုအပ်လျက် ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီး ရရှိရန်ပုံငွေဖြင့် အကျိုးပြုနှုန်းအလိုက် ဦးစားပေး လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်း မြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာသို့ ၉ မိုင်ခန့် ကတ္တရာခင်းခြင်းပြုလုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်အား သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၊ ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာအထိ ၉ မိုင်အရှည်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် မြေလမ်းမှ ၁၆ ပေအကျယ် ကျောက်လမ်းခင်းခြင်း ၅ ဖာလုံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေလမ်းအဆင့်ကျန်ရှိသည့် လမ်းပိုင်းများအား ရာသီမရွေး သွားလာနိုင်ရန်အတွက် ကျောက်ချောလမ်း ခင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် တံတား/ရေပြွန်များ တည်ဆောက်ခြင်း၊ လက်ရှိ သစ်သားတံတား သုံးစင်းအား သံကူကွန်ကရစ်တံတား အဆင့်တိုးမြှင့် တည်ဆောက်ခြင်းနှင့် ကျောက်လမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ် အလိုက် ပြည်နယ်ရန်ပုံငွေတွင်လျာထား၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် သာရဝေါမှ ဟသံတမြို့နယ်သို့ ကား၊ ရထား ကူးသန်းနိုင်မည့် မြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိ အခြေအနေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (သရက်- အောင်လံ) နှင့် ကချင်ပြည်နယ်တွင် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကို အပြီး တည်ဆောက်ရမည်ဖြစ်သည့်အပြင် မန္တလေးငလျင် ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများအား ပြန်လည် တည်ဆောက်ခြင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားစုစုပေါင်း ၁၁၅ စင်း၊ ပြုပြင်ဆဲတံတား ခြောက်စင်း၊ ပြုပြင်ရန် ကျန်တံတား ၈၃ စင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိ လတ်တလောအခြေအနေ အရ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည် ဖြေကြားသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်ခေါခြည်လွင်၏ **မိုးညှို မြို့နယ် သက္ကယ်တန်းကျေးရွာ လက်ပံနှစ်ပင် နှင့် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ငပိဆိပ် ကျောက်စရစ်ကုန်းကြား ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကိုအပြီးတည်ဆောက် လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား(ရတနာသိန်)ပျက်စီးသွားသည့်အပိုင်းများကို ပြန်လည်ပြုပြင်ခြင်း၊ မန္တလေးလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ ရသည့် တံတားများ၊ ပြုပြင်ဆဲတံတားများနှင့် ပြုပြင် ရန်ကျန်တံတားများ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် လတ်တလောတွင် ငပိဆိပ် ကျောက်စရစ်ကုန်းအကြား ဧရာဝတီမြစ်ကူးတံတား အား မဆောင်ရွက်သင့်သေးပါကြောင်း ပြန်လည် ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့ ဆင်သေ-ပင်လောင်း(မိုးရထား) လမ်းဟောင်းမြေနေရာဖြစ်သည့် မြို့အဝင် တိုးဂိတ်အနီးမှ ရန်ကုန်-တောင်ငူ- မန္တလေးကားလမ်း(လမ်းဟာင်း) ၁၄ မိုင်သို့ တပ်ကုန်းမြို့ရောင်လမ်းအဖြစ် ဖောက်လုပ်နိုင်ရေး ရော့ဂို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိရန်ကုန်-တောင်ငူ-မန္တလေးလမ်းသည် နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးဖြစ်ပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်မှာ ပေ ၂၃၀ အကျယ်ဖြစ်ပါကြောင်း၊ ညောင်လွန်-သရက်ပင်-ပေတောလမ်းသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက် သော လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းနယ်နိမိတ် အကျယ်မှာ ပေ ၃၀ သာရှိသော ကျေးရွာချင်းဆက် လမ်းအဆင့်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းအူကြောင်း အတိုင်း တပ်ကုန်းမြို့ရောင်လမ်းအဖြစ် ဖောက်လုပ် မည်ဆိုပါက သတ်မှတ်လမ်း နယ်နိမိတ်အကျယ်ရရှိ ရန်အတွက် စိုက်ပျိုးမြေများ၊ လယ်ယာမြေများနှင့် လူနေထိုင်မှုရိယော မြေများအား မြေယာလျော်ကြေး များပေးရန် လိုအပ်မည်ဖြစ်သည့်အပြင် ကျေးရွာများ အား ဖြတ်သန်းသွားသည့် လမ်းအူကြောင်းဖြစ်၍ လူနေအိမ်ခြေများစွာ တည်ရှိပါသဖြင့် အိမ်ရာ အဆောက်အအုံများ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း။

တပ်ကုန်းမြို့ရောင်လမ်း ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ပိုမိုတိုတောင်းသော လမ်းအူကြောင်း ဖြစ်သည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၄၉/၂ မိုင်မှ ဆင်သေ-ပင်လောင်းမိုးရထားလမ်းအတိုင်း ၃ မိုင် ၂ ဖာလုံခန့်ရှိ ဗျိုင်းအင်းကျေးရွာ၊ ထိုမှတစ်ဆင့် ၃ မိုင် ၁ ဖာလုံခန့်အတိုင်းဆက်လက်၍ လမ်းအူ ကြောင်း လျာထားပြီး ရန်ကုန်-တောင်ငူ-မန္တလေး လမ်း၏ ၂၅၃/၅ မိုင် အနီးသို့ ပြန်လည်ဝင်ရောက် အဆုံးသတ်မည်ဆိုပါက လမ်းအရှည်မှာ ၆ မိုင် ၃ ဖာလုံခန့်ရှိမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနအနေ ဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ဆောင်ရွက်ပြီးမှသာ ရလဒ်ပေါ်မူတည်၍ စီမံကိန်း ဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိပါက ရော့ဂို၊ ရေရှည်စီမံ ကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်း အဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်း အဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၊ အတွင်း ရေးမှူးအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး နှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း နှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီ တွင် ဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၊ အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာ သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန် နေ့ကလွှတ်တော်သို့အသိပေးတင်ပြခဲ့သည့် စိုက်ပျိုး ရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော် ၏အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌ အဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန် နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင် ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌ အဖြစ် ကနီမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း၊ အတွင်း ရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်း ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်း အဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း နှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရိုနှိန့် အတွင်းရေးမှူးအဖြစ် ကနဉ်းမဲ ထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူတို့ကို တာဝန် ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်း အဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လှိုင်မဲဆန္ဒ နယ်မှ ဦးမောင်မောင်တင့်နှင့် အတွင်းရေးမှူးအဖြစ် ဆိပ်ကြီးခေကင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်း ဝင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ် ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်း နှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဖွဲ့စည်း ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယ ဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွှန့်ဆောင်နှင့် အတွင်းရေးမှူးအဖြစ် ဘီးလင်း မဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်သွင်တို့ကို တာဝန် ပေးအပ်ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းလွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်း အဝေးအဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နေရာကွက်၍ မိုးကြိုးနှိုင်

နေပြည်တော် ဇွန် ၁၂

ဇွန် ၁၃ ရက်တွင် ကယားပြည်နယ်၌ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနှိုင်သည်၊ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၉ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ရေငန်တားကျွန်းပတ်တာများမှ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်း အပိုင်း(၁) နှင့် အပိုင်း(၃)ရှိ ရေတံခါးများ ပြင်ပရေငန်များဝင်ရောက်မှုရှိနေသောကြောင့် ပြုပြင်ပေးရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန်နှင့် အဆိုပါရေငန်တားကျွန်းပတ်တာများအတွင်းရှိချောင်းကောများကိုမြောင်းကောများကို ဘဏ္ဍာရေးနှစ်အလိုက် အစီအစဉ်များ ရေးဆွဲပြီး ဦးစားပေးအစီအစဉ်အတိုင်း တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်း အပိုင်း(၁)၊ ဘီတွဒ်ကျွန်းအပိုင်း(၃)အတွင်းရှိ ရေတံခါးစုစုပေါင်း ၂၁ လုံးအနက် ခုနှစ်လုံးအား ပြုပြင်ထားရှိပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွဒ်ကျွန်းအပိုင်း(၃) တာရှိ ကတောက်ဆပ်ရေတံခါးပြုပြင်ခြင်းလုပ်ငန်းကို ပြုပြင်ပေးသွားမည်ဖြစ်ပြီး ဆက်လက်ပြုပြင်ရန် ကျန်ရှိသောရေတံခါး ၁၃ လုံး ဖြစ်ပါကြောင်း။

ထို့အပြင် ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွဒ်ကျွန်း အပိုင်း (၄)တာအတွင်း နွေစပါးစိုက်ပျိုးရေးလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ရေနက်မြောင်းတူးဖော်ခြင်းလုပ်ငန်း သုံးခုနှင့် ရေတံခါးများပြုပြင်ခြင်းလုပ်ငန်း လေးခု၊ ရွှေးမြစ်နှင့် ပြာမလေ့မြစ်ကြားရေငန်တား တာကျွန်းအပိုင်း (၅)၏ တာအလျား (၁၁)မိုင်တာ မြေကြီးဖို့ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွဒ်ကျွန်းအပိုင်း(၁)၊ ဘီတွဒ်ကျွန်းအပိုင်း (၃) အတွင်းတွင် ပြုပြင်ရန်ကျန်ရှိသော ရေတံခါး ၁၃ လုံးကို ပြုပြင်နိုင်ရန် (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတစ်ရပ်ရပ်မှ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက်ပြုပြင်ပေးရန် စီစဉ်ထားရှိပါကြောင်းနှင့် ရေငန်တားကျွန်းပတ်တာများအတွင်းရှိ ချောင်းကော၊ မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်အတိုင်း လျာထားသတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့်**

လပွတ္တာမြောက်ကျွန်းတာ ၀/၀ မိုင်မှ ၇/၀ မိုင်အထိ ၇ မိုင်ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြောက်ကျွန်းတာ တာမိုင်၏ အစသည် လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက်မှ စတင်ပြီး မြို့ဧရိယာအတွင်း အလျား(၁)မိုင်ပါဝင်ပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောနေရာသည် လပွတ္တာမြို့ အမှတ်(၂) ရပ်ကွက်မှ ဆားကျင်းကျေးရွာအထိ လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အတွင်း နေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာတွင် တာထိပ်အကျယ် (၁၂) ပေရှိပြီး တာပေါင်အမြင့်မှာ ပျမ်းမျှ (၈) ပေဖြစ်ပါကြောင်း။

လပွတ္တာမြို့တွင်းဧရိယာဖြစ်သော တာမိုင်အစမှ ၅ ဖာလုံကြားတွင် အလျား (၅) ဖာလုံခန့်သည် ကျောက်ကြမ်းလမ်းခင်း၍ အသုံးပြုသွားလာလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောအပိုင်းအတွင်း တာမိုင်အစမှ ၁ မိုင် ၆ ဖာလုံတွင် ဓနိတန်းရေတံခါး (အချင်း ၄ ပေ ၊ ၂ ပေါက်)။ တာမိုင်အစမှ ၅ မိုင် ၆ ဖာလုံတွင် လက်ဝဲခွဲရေတံခါး (အချင်း ၄ ပေ၊ ၅ ပေါက်)တို့ တည်ရှိပါကြောင်း၊ ဌာနမှတည်ဆောက်ထိန်းသိမ်းထားသော တာတမံများမှာ မြေသားတာတမံများဖြစ်သည့်အပြင် မိုးများသောဒေသဖြစ်ခြင်းကြောင့် တာနိမ့်ကျခြင်း၊ ရေတိုက်စားခြင်းများရှိပါသဖြင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိခြင်း၊ တာတမံပေါ်တွင် ကျောက်ချောလမ်းခင်းမည်ဆိုပါက မြေသားတာတမံဖြစ်၍ သတ်မှတ်တာထိပ်အဖြင့်အောက်နိမ့်ကျသည့်အခါ စက်ယန္တရားကြီးများဖြင့် ပြန်လည်မြေဖို့ပြုပြင်ဆောင်ရွက်ရပြီး ကျောက်ချောလမ်းများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ တာတမံများတွင် ထည့်သွင်းတည်ဆောက်ထားသော ရေတံခါးများ၏ ဒီဇိုင်းပုံစံအရ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ဝန်အားခံနိုင်ရည်မရှိသဖြင့် ပျက်စီးနိုင်ခြင်းတို့ကြောင့် တာတမံများပေါ်တွင် အခိုင်အမာလမ်းများဆောင်ရွက်ရန် မသင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းသဘာဝနှင့် မြေပြင်အခြေအနေအရ တာတမံများ ပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန်မှာ သင့်လျော်မှုမရှိပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကိုဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အထိကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်မရှိပါကြောင်း။

သို့ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ပါက နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသော တာတမံပေါ်၌ လမ်းခင်းခြင်းမပြုဘဲ တာ၏အတွင်းဘက်ခြမ်းတွင် တစ်ဆင့်နိမ့်တာ (Second Berm) ပြုလုပ်၍ လိုအပ်သော အမြင့်၊ အကျယ်ဖြင့် လမ်းခင်းခြင်းဆောင်ရွက်နိုင်ပါကြောင်း၊ ရေတံခါးအဝင်အထွက် မြောင်းနေရာများတွင်လည်း ဝန်အားခံနိုင်ရည်ရှိသော မြောင်းကူးတံတားများ ထည့်သွင်းဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပါက လမ်းတည်ဆောက်ခြင်းနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် လမ်းကိုလိုအပ်သလို တည်ဆောက်ထိန်းသိမ်းခြင်းများဆောင်ရွက်နိုင်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း တာတမံကို လိုအပ်သလို ပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ဒေသအတွက် အကျိုးရှိစေမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာများ ရေအပြည့်အဝရရှိစေရန်နှင့် စိုက်ပျိုးရေးကို ပမာဏလုံလောက်စွာသိုလှောင်နိုင်ရန်အတွက် သင်းတွဲမြောင်းဖျားတွင် ရှိသော စွန်ရဲကန်အား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စွန်ရဲကန်အတွင်း ရေဝင်ရောက်မှု ပိုမိုကောင်းမွန်စေရန်အတွက် ကန်အတွင်း ရေကူဖြည့်တင်းသည့် သင်းတွဲမြောင်းနှင့် ရေဝင်ချောင်းဖြစ်သည့် လင်းဝှက်ချောင်း ရေလမ်းတို့အား ဌာနမှထိန်းသိမ်းစီမံလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ရေး စည်းရုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်မှစတင်၍ စွန်ရဲကန်အတွင်း ကန်ရေပြည့်ပမာဏနီးပါးအထိ ရေသိုလှောင်ထားနိုင်ပြီး မိုးသီးနှံ၊ နွေသီးနှံစိုက်ကေများအား စိုက်ပျိုးရေးပြည့်ဝစွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲအင်းမွေးမြူရေးဇုန်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲကန်၏ မူလရေဝဝါးရီယာ ပြန်လည်ရရှိအောင် သဲနုန်းတူးဖော်လျှင် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားများပြားပြီး ရန်ပုံငွေလိုအပ်ချက်လည်း များပြားလွန်းခြင်းတို့ကြောင့် ယခုလက်ရှိအခြေအနေအရ စွန်ရဲကန်အား သဲနုန်းတူးဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိသေးပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် လယ်/ယာရေသောက်စနစ်မြောင်းများအား သဲနုန်းများ တူးဖော်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ကင်းတားရေသောက်စနစ်နှင့် ဓော်ဂျီရေသောက်စနစ်တို့တွင် တူးမြောင်းမကြီး ၁၆ ခု၊ လက်တံမြောင်း ၄၇ ခု၊ လက်တံခွဲမြောင်း ၁၉ ခုတို့၏ အချို့သောနေရာများ၌ မြောင်းအင်အားပြည့် ရေပို့လွှတ်သယ်ဆောင်နိုင်ရန်အတွက် သဲနုန်းတူးဖော်ခြင်း၊ မြောင်းပေါင်အားဖြည့်ခြင်းနှင့် အချို့သော ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ရမည့် ရေပေးမြောင်းအရေအတွက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားသည့်အတွက် ရန်ပုံငွေခွဲဝေရရှိသည့် အခြေအနေအပေါ်မူတည်၍ သဲနုန်းပို့ချမှုများပြားလျက်ရှိသော ရေပေးမြောင်းများနှင့် ဆက်စပ်ရေပေးအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများအား မြောင်းဆုံးမြောင်းဖျားအထိ ရေရရှိစေရန်ရည်ရွယ်၍ ဦးစားပေးအစီအစဉ်ဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရှိ အဓိကသီးနှံ ၁၄ မျိုး ရေရရှိမှု ပိုမိုထိရောက်စေရန်အတွက် ရေပေးတူးမြောင်းများ၏ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်အပိုင်းများအား သဲနုန်းတူးဖော်ခြင်း၊ ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရရှိသော ပြင်/ထိန်းရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါက်တာ နိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဒေါက်တာ အမ်ခေါလတ် (ခ)ဆမ်းမားကို့(စ်) အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာသဘောတူသဖြင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရာဇယ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီအား အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါက်တာဦးမနာမ်တူးဂျာနှင့် အတွင်းရေးမှူးအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရာဇယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၂) ဒေါ်နွယ်နွယ်ဦးက

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီအတွင်း ရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဃ)(ဏ)။ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခွဲဆင်း၊ အသစ်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း (၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)(ဈ)၊ အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)(၃)(၄)(၁၈)။ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)(၌)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၆)(ဉ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆)။ အပိုဒ် ၈ အပိုဒ်ခွဲ(ငဆ)၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) (၁၃)။ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၆ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က)။ အခန်း ၇၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)။ အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) (ဂ)၊ အပိုဒ် ၁၈၊ အခန်း ၈၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)။ အသစ်ပြင်ဆင်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၉၊ အပိုဒ် ၂၉ ခွဲဆင်း၊ အပိုဒ်ခွဲ(ခ)(ဃ)(ငဝ)။ ပြင်ဆင်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၁၀၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀။ အသစ်ဖြည့်စွက်ချက် အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁ အပိုဒ်ခွဲ (ဃ)(ဏ)။ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခွဲဆင်း၊ အသစ်ဖြည့်စွက်ချက် အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၂ အပိုဒ်ခွဲ (ဃ)(ဏ)။ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခွဲဆင်း၊ အသစ်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း (၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)(ဈ)၊ အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)(၃)(၄)(၁၈)။ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)(၌)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)(ဉ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆)။ အပိုဒ် ၈ အပိုဒ်ခွဲ(ငဆ)၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) (၁၃)။ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၆ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ (က)။ အခန်း ၇၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)။ အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) (ဂ)၊ အပိုဒ် ၁၈၊ အခန်း ၈၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ(စ)။ အသစ်ပြင်ဆင်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၉၊ အပိုဒ် ၂၉ ခွဲဆင်း၊ အပိုဒ်ခွဲ(ခ)(ဃ)(ငဝ)။ ပြင်ဆင်ချက်ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၁၀၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀။ အသစ်ဖြည့်စွက်ချက် အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၅၁

ဖူလုံမှု၊ ဘေးကင်းမှုမှသည် မြင့်မားသောဘဝအဆင့်အတန်းတစ်ခုဆီသို့ ...

မိုးကေနိုင်

နိုင်ငံမှာ စားရေရိကွာဖူလုံမှုဟု ဆိုရာမှာ စိုက်ပျိုးသီးနှံသာမက မွေးမြူရေး၊ ရေထွက်ကုန် အမယ်စုံဖူလုံနေမှသာ အဓိပ္ပာယ်နဲ့ ကိုက်ညီမှာဖြစ်ပါတယ်။ စား၊ ဝတ်၊ နေ၊ ရေး သုံးဖြာမှာ အရေးကြီးဆုံးဖြစ်တဲ့ အပြင် ကျန်းမာရေးနဲ့ညီညွတ်ပြီး ဘေးကင်းတဲ့ အစားအသောက်ကို လုံလုံလောက်လောက် မျှမျှတတ စားသုံးနိုင်မှလည်း ကျန်းကျန်းမာမာနဲ့ အသက်ရှင်သန်မှာ ဖြစ်တယ်ဆိုတဲ့အတွက် စားရေရိကွာဖူလုံရေးနဲ့ ဘေးကင်းတဲ့ အစားအစာဆိုတာမှာ လူသားအားလုံးနဲ့ သက်ဆိုင်သွားပါတယ်။ မြန်မာလူမျိုးအားလုံးအတွက် ဖူလုံဖို့နဲ့ ဘေးကင်းဖို့ နှစ်ချက်လုံးနဲ့ ဆိုင်နေတဲ့အပြင် ပြဿနာရှိနေတဲ့ အစားအစာတစ်ခုကို ညွှန်ပြပါဆိုရင်တော့ ကျွန်တော်တို့ရဲ့အစားအစာမှာ မရှိမဖြစ်ပါဝင်နေတဲ့ စားသုံးဆီကိုသာ တိုက်ရိုက်ညွှန်းရပါလိမ့်မယ်။

ဘာကြောင့် ကျွန်တော်တို့နိုင်ငံမှာ စားသုံးဆီတစ်မျိုးက မဖူမလုံဖြစ်နေရပါသလဲ။ ဆိုရရင် လုံလောက်အောင် မထုတ်နိုင်လို့ပါပဲ။ စားဝတ်နေရေး ခက်ခဲတော့ မသုံးနိုင်၊ ဗဟုသုတနည်းတော့ မသုံးတတ်လို့ဆဲ အသုံးထက် အဖြန်းကများနေလို့ သာလျှင် ဖြစ်ပါလိမ့်မယ်။ မသုံးနိုင်၊ မသုံးတတ်တော့ ကျန်းမာရေးအတွက် ဘေးမကင်း၊ နောက်ဆုံးတော့ လူတွေမှာ အဝလွန်၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ နာတာရှည်ရောဂါအစုံနဲ့ လူ့ဘဝသက်တမ်းတိုတိုမှာ နိဂုံးချုပ်ကြရတယ်။

ပြည်သူတွေစားသုံးနေတဲ့ စားသုံးဆီဖူလုံရေးတွက်ခြေကိုက်မယ့် ဆီထွက်သီးနှံတွေကို တိုးချဲ့၊ စိုက်ပျိုး၊ အစားထိုးစိုက်ပျိုးသင့်တာ အစားထိုးတိုးချဲ့၊ စိုက်၊ တစ်ဇကအထွက်နှုန်းတိုးဖို့လည်း ကြိုးစား၊ ပြည်ပကနေ တင်သွင်းတဲ့စားသုံးဆီကိုလည်း လျှော့ချ စတဲ့ဆောင်ရွက်ချက်တွေက စားသုံးဆီဖူလုံရေးကို များစွာအထောက်အကူဖြစ်ပါတယ်။ ခက်တာက လိုအပ်ချက်နဲ့ ထုတ်လုပ်နိုင်မှုက များစွာကွာဟနေတာ၊ လူဦးရေက များလာတာနဲ့အမျှ ထုတ်လုပ်မှုနဲ့ စားသုံးမှု မမျှမတဖြစ်၊ ထုတ်လုပ်မှု ထက် တင်သွင်းမှုက နှစ်ဆကျော်လောက်မြင့်နေတာ တွေ့ရတယ်။ ထုတ်လုပ်မှုနည်းပြီး ဝယ်လိုအားများရင် ပစ္စည်းက မဖူမလုံဖြစ်တာသဘာဝပေါ်။ မဖူလုံတော့ နိုင်ငံခြားတင်သွင်းဆီကိုသာ အားကိုးရ၊ ဒေါ်လာ ယိုပေါက်မပိတ်နိုင် စီးပွားရေး ရေခဲမြေခဲ ယိုင်နဲ့ရတာလည်း မဆန်းပါဘူး။

ဆီစိုက်ပျိုးပြီး ကိုယ့်ဆီကထွက်တဲ့ ပဲဆီ၊ နှမ်းဆီ စစ်စစ်ကို စိုက်သူကိုယ်တိုင်က မစားနိုင်ဘဲ ပြန်ရောင်း၊ ဈေးပေါ်၊ အရည်အသွေးညံ့တဲ့ဆီကိုပဲ ပြန်ဝယ်စားသုံးနေရတဲ့ အခြေအနေပါ။ အခု နောက်ပိုင်းတော့ လူတွေက မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီကို ဈေးကြီးပေမယ့် ပိုပြီးသုံးစွဲတာ ရှိလာတယ်။ တစ်ချိန်တည်းမှာ ကျန်းမာရေးနဲ့ မညီတဲ့ဆီ အသုံးများလာတာလည်း တွေ့ရတယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင်ဆိုရင် တစ်နေ့ ၂ ဒသမ ၅၅ ကျပ်သား စားသုံးခြင်းက အသင့်တော်ဆုံးပါပဲ။ ဒီပမာဏနဲ့ ညီညွတ်အောင် စားသုံးသူတွေကို ပတ်ဝန်းကျင်မှာ တွေ့ရပါတယ်။ သို့ပေမယ့် တစ်ဦးချင်း ဆီစားသုံးမှုကတော့ အလွန်ကို မြင့်မားနေဆဲပါပဲ။

တစ်ဖက်ကလည်း တာဝန်ရှိသူတွေက ပြည်တွင်း ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် စားသုံးဆီ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို စီမံချက်ချ နည်းလမ်းရှာဖွေ လုပ်ကိုင်လာကြကြောင်း လည်း သိရပါတယ်။ အထူးသဖြင့် ပဲပုပ်၊ နှမ်း၊ နေကြာတို့ကို အဓိက အားထားပြီး စိုက်ပျိုးဧကတိုးချဲ့၊ ထွက်နှုန်းကောင်းမယ့်မျိုးစေ့နဲ့ မျိုးစေ့ထုတ်တဲ့ အုပ်စိုးတွေမှာ အားထည့်ဆောင်ရွက်နေပြီး အထွက်နှုန်းတိုးအောင် စီမံလာတာ တွေ့ရတယ်။ စိုက်ပျိုးမြေလုံလောက်မှု ရှိတယ်ဆိုပေမယ့် ရေခံမြေခံကောင်းတဲ့ စိုက်မြေကို အပြည့်အဝအသုံးချဖို့ လိုအပ်ကြောင်း ထောက်ပြမှု၊ လမ်းညွှန်မှုတွေလည်း ရှိပါတယ်။

ပြည်ပဆီတင်သွင်းမှုများလာတဲ့အခါ ပြည်တွင်း ဆီကြိတ်ခွဲစက်တွေလည်း အလုပ်မဖြစ်၊ ရပ်နားရ၊ လူတွေလည်း အလုပ်လက်မဲ့ဖြစ်လာတယ်။ ဒါကြောင့် ပြည်တွင်းထွက် ပဲ၊ နှမ်း၊ နေကြာတို့ကို ပြည်ပ မတင်ပို့ဘဲ ပြည်တွင်းမှာပဲ ဆီကြိတ်ပြီး ဆီထုတ်နိုင်ရင် မကောင်းဘူးလား စတဲ့ လမ်းညွှန်ချက်တွေကို ထိထိရောက်ရောက် အသုံးချရမယ်လို့ ယူဆပါတယ်။ အချိန်မီ စိုက်ပျိုးရိတ်သိမ်း ထုတ်လုပ်ဖို့၊ သီးထပ်စိုက်ဖို့လိုမလား၊ ရေရရှိဖို့လိုအပ်ချက်၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ နည်းပညာလိုအပ်ချက်နဲ့ အချို့နေရာတွေမှာ အမှန်တကယ် စိုက်ပျိုးမှု ရှိ/မရှိ စီမံခန့်ခွဲမှုကဏ္ဍလိုအပ်ချက် စသည်ဖြင့် ဒီအချက်တွေက ဘယ်စိုက်ပျိုးရေးကဏ္ဍမှာပဲ ဖြစ်ဖြစ် အဓိက အဟန့်အတားတွေအဖြစ် ရှိနေဆဲပါပဲ။

စိုက်ဇကတိုးချဲ့စိုက်ပျိုးနေသလို တစ်ဖက်ကလည်း စားအုန်းဆီကို ကန့်သတ်တင်သွင်းနေတဲ့ အခြေအနေလည်း ရှိနိုင်ပါတယ်။ တင်သွင်းစရိတ် လျှော့ချနိုင်ရင် စားအုန်းဆီဈေးကွက်က စိုက်ပျိုး ကြိတ်ခွဲ၊ သယ်ယူပို့ဆောင် ရောင်းဝယ်ရေးအဆင့်ဆင့် မှာ အဲဒီငွေကို ပိုသုံးနိုင်တဲ့ အခြေအနေဖြစ်သွားနိုင်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ လက်ရှိစားအုန်းဆီ ဈေးနှုန်းဟာ ကိုဗစ်ကပ်ကာလကတည်းက အလွန်ကြီးမြင့်နေတဲ့အတွက် ထွက်သွားမယ့် ငွေကို အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမှာ ပိုပြီးရင်းနှီးမြှုပ်နှံနိုင်ရင် စားသုံးဆီ စိုက်ပျိုးထုတ်လုပ်မှုဟာ အမှန်တကယ် တိုးတက်လာမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးရေးအပိုင်းမှာ အလေ့အကျင့်ကောင်း၊

> **“ အဆီကြောင့် ခန္ဓာကိုယ်ဝိတ်တက်လာရင် နောက်ဆက်တွဲပါလာတဲ့ နာတာရှည်ဆီးချို၊ သွေးချိုရောဂါတွေကို ထည့်တွက်ရပါမယ်။ ယနေ့ပြည်သူ့ကျန်းမာရေးပြဿနာမှာ ထိပ်ဆုံးကနေရာယူပြီး နှစ်စဉ်အသေအပျောက်များတဲ့စာရင်းမှာ သွေးတိုး၊ ဆီးချိုက အဓိကဆိုတာ မမေ့ဖို့လိုပါတယ်။ နောက်ထပ် လူတွေကြောက်တဲ့ရောဂါက ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးပါပဲ။ ဆီကိုချွေတာပြီး ထပ်ကာထပ်ကာ အပူပေးစားသုံးတတ်တဲ့အကျင့်ဟာ ကင်ဆာ၊ နှလုံးသွေးကြောဆိုင်ရာနဲ့ ခန္ဓာတစ်ရှျး ရောင်ရမ်းခြင်းဆိုင်ရာရောဂါများနဲ့ ဆက်စပ်နေပါတယ် ”**

ဖူလုံမှုနဲ့ ဘေးကင်းမှုဆိုပြီးရှိရာမှာ ဖူလုံဖို့ အတွက် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ လုပ်ရမယ့် ကဏ္ဍတွေက ရေရှည်ဖြစ်ပြီး အကျိုးသက်ရောက်မှုက နေ့ချင်းညချင်း ဖြစ်မလာသေးပါဘူး။ လူတွေအနေနဲ့ က မိမိတို့တစ်ဦးချင်းကျန်းမာရေးကိုသာ ပိုပြီး ဂရုစိုက်ကြရမှာပါ။ ရေရှည်ဖူလုံမှုအတွက် လုပ်နေသလို တစ်ဦးချင်း ဆီအသုံးလျှော့ချပြီး ဘေးကင်းအောင် ရွေးချယ်စားသောက်တတ်ခြင်းက မိမိကျန်းမာရေးကို ချက်ချင်းလက်ငင်း အကျိုးဖြစ်ကာ ထွက်ငွေကိုလည်း ကာမိစေပါတယ်။ အဓိကက တတ်နိုင်သမျှ ပြည်ပက ဈေးကြီးပေး တင်သွင်းနေရတဲ့စားအုန်းဆီနေရာမှာဘေးကင်းတဲ့စားသုံးဆီတွေကို တဖြည်းဖြည်း အစားထိုး၊ အကျင့်လုပ် စားသောက်သွားသင့်ခြင်းပါပဲ။

ပြည်တွင်းက စိုက်ပျိုးထုတ်လုပ်တဲ့ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီက ဈေးမြင့်ပေမယ့် ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ ဘေးကင်းတယ်လို့ အထိုက် အလျောက် နားလည်သူတွေ ရှိလာတဲ့အလျောက် ယခင်ထက် စားသုံးမှုလည်း များလာပါတယ်။ လူတွေက စားအုန်းဆီထက် မြေပဲဆီ၊ နှမ်းဆီကို ပိုကြိုက်ပြီးသားပါ၊ ဈေးသက်သာလို့သာ စားနေကြရတာ။ တာဝန်ရှိသူတွေအနေနဲ့ကလည်း ဘေးကင်းတဲ့ ဆီကောင်းကောင်းကိုသာ စားစေချင်တာ။ ဒါကြောင့် လည်း စားသုံးဆီဘေးကင်းမှု ရှိ/မရှိ အကျိုးအပြစ် တွေကို မပြတ်ပညာပေး ဆွေးနွေးနေရခြင်းဖြစ်ပါ တယ်။

မိမိရဲ့ အသက်ရှင်သန်ရပ်တည်ရေးအတွက် စားရေး၊ သောက်ရေးကို လူတွေက ဂရုစိုက်ကြရာမှာ ဖူလုံမှုဘေးကင်းမှုကို တချို့က တလွဲအယူအဆရှိကြတယ်။ ခန္ဓာကိုယ်စွမ်းအင်အတွက် အရေးကြီးတဲ့ စားဆီဟာ စားတဲ့အခါ ချင့်ချိန်ရမယ့်ပမာဏမှာပဲ ဖြစ်သင့်ပြီး ကျန်းမာရေးနဲ့မသင့်တဲ့ အမျိုးအစားနဲ့ ကြော်လှော်မှုပုံစံတွေ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ပြည်သူအများစုသုံးစွဲနေတဲ့ စားအုန်းဆီဟာ ကမ္ဘာ့ဈေးကွက်မှာလည်း ကပ်ဘေးကြောင့်၊ စစ်ကြောင့် တင်ပို့တဲ့နိုင်ငံတွေက ချမှတ်တဲ့ အခွန်အခတွေကြောင့် မြင့်တက်နေပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က အသုံးကိုလျှော့ ဥပမာ- ဆီပြန်ဟင်းမှ ကြိုက်တတ်တာမျိုးကို လျှော့ပြီး အရည်အသွေးမီတာ၊ ကိုယ်ကြိုက်တာကိုသာ အဓိကထားသုံးဖို့ပဲရှိပါတယ်။ မိမိအတွက် ကျန်းမာရေးကောင်းဖို့ကလွဲပြီး အခြားအရေးကြီးတာမရှိဆိုတဲ့ အယူအဆအောက်မှာပဲ အလေ့အကျင့်လုပ်ပေးပါ။

အရည်အသွေးမီခြင်း၊ မမီခြင်းဆိုတာ ကိုယ်ချက် ပြုတ်ကြော်လှော်စားသုံးတဲ့ စရိုက်အပေါ်မှာပဲ အဓိက ဖြစ်ပါတယ်။ ဆီကဈေးကြီးတော့ အိမ်ရှင်မ တွေက သုံးပြီးဆီကို ခဏပြန်သိမ်း၊ ပြန်ချက်ပြန် ကြော် တချို့က သုံးပြန်လေးပြန်သုံးကြတဲ့အခါ ကျန်းမာရေးကို အလွန်ထိခိုက်ပါတယ်။ လမ်းဘေး ဆိုင်တွေက အကြော်အလှော်လည်း ဒီအတိုင်းပါပဲ။ အချို့လည်း မတော်လောဘနဲ့ အနံ့ကောင်းအောင်၊ အရောင်ပြောင်းအောင်၊ ဆီအစစ်ထင်အောင် ဓာတုပစ္စည်းအရောအနှော၊ ဆီအရောအနှောတွေထည့်သုံးကြ၊ လိမ်ရောင်းကြကြောင်း ကြားဖူးနားဝရှိပါတယ်။

ဒီအပိုင်းကတော့ ဆီဝယ်ရင် FDA approved ဖြစ်တဲ့တံဆိပ်မျိုး၊ စိုက်ပျိုးရေး အလေ့အကျင့် ကောင်း GAP Good Agricultural Practice၊ ကြိတ်ခွဲထုတ်လုပ်မှုကျင့်စဉ်ကောင်း GMP Good Manufacturing Practice၊ အစားအစာဖြစ်သွားတဲ့အဆင့်မှာ ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်း HACCP Hazard Analysis Critical Control Point တွေပါတဲ့ အမှတ်အသားမျိုးတွေကို သတိပြုလွှေးချယ်ဝယ်ယူသင့်ပါတယ်။ နောက်ပိုင်းမှာတော့ ပဲဆီ၊ နှမ်းဆီ အပြင် နေကြာဆီ၊ သံလွင်ဆီတို့ကိုလည်း လူကြိုက်များလာတာ တွေ့ရပါတယ်။

ဒါပေမယ့် ဘယ်သူတွေဘာလုပ်လုပ်၊ ဘယ်လို ဖြစ်ဖြစ် မိမိသာအဓိက၊ မိမိဘက်ကသာ ဆင်ခြင်တုံတရား၊ ကျန်းမာရေးအသိသတိရှိနေဖို့က အရေးကြီးဆုံးပါပဲ။ ဘယ်သူမပြု မိမိမှု၊ သတိမမူဂူမခြင်ဆိုတဲ့ အတွက် ဒီနေရာမှာ စားသုံးဆီနဲ့ဆက်စပ်နေတဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာပေါင်းစုံကို မျှဝေချင်ပါတယ်။ ကမ္ဘာမှာရော မြန်မာမှာပါ ကြုံနေရတာပါ။ သွေးတွင်းအဆီများပြီး အဖြစ်များတဲ့ နှလုံးသွေးကြောကျဉ်းရောဂါနဲ့ နှလုံးသွေးကြောပိတ် ရောဂါတွေဟာ အရေးပေါ် ဆေးရုံရောက်ရပြီး အသက်ခန္ဓာဆုံးရှုံးနိုင်တဲ့အထိ အလွန်ကို အန္တရာယ်များတဲ့ ရောဂါတွေပါ။ အဆီကြောင့် လေဖြတ်နိုင်ခြေနဲ့ လူစဉ်မမီ ဒုက္ခိတဘဝရောက်ရတဲ့ အခြေအနေတွေကို သိမြင်ပြီး ကြောက်တတ်ရပါမယ်။ သွေးတွင်းအဆီ ပမာဏများတဲ့အခါ သွေးကြောနံရံတွေမှာ အဆီတွေစု၊ အဆီချိုးတွေကပ်တယ်လို့ပဲ လွယ်လွယ်မှတ်ပြီး အဲဒီကတစ်ဆင့် သွေးတိုးမဖြစ်အောင်ကြိုတင် ကာကွယ်လို့ရပါတယ်။ *စာမျက်နှာ ၁၁ သို့*

“ မိမိရဲ့ အသက်ရှင်သန်ရပ်တည်ရေးအတွက် စားရေး၊ သောက်ရေးကို လူတွေက ဂရုစိုက်ကြရာမှာ ဖူလုံမှုဘေးကင်းမှုကို တချို့က တလွဲအယူအဆရှိကြတယ်။ ခန္ဓာကိုယ်စွမ်းအင်အတွက် အရေးကြီးတဲ့ စားဆီဟာ စားတဲ့အခါ ချင့်ချိန်ရမယ့်ပမာဏမှာပဲ ဖြစ်သင့်ပြီး ကျန်းမာရေးနဲ့မသင့်တဲ့ အမျိုးအစားနဲ့ ကြော်လှော်မှုပုံစံတွေ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ပြည်သူအများစုသုံးစွဲနေတဲ့ စားအုန်းဆီဟာ ကမ္ဘာ့ဈေးကွက်မှာလည်း ကပ်ဘေးကြောင့်၊ စစ်ကြောင့် တင်ပို့တဲ့နိုင်ငံတွေက ချမှတ်တဲ့ အခွန်အခတွေကြောင့် မြင့်တက်နေပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က အသုံးကိုလျှော့ ဥပမာ- ဆီပြန်ဟင်းမှ ကြိုက်တတ်တာမျိုးကို လျှော့ပြီး အရည်အသွေးမီတာ၊ ကိုယ်ကြိုက်တာကိုသာ အဓိကထားသုံးဖို့ပဲရှိပါတယ်။ မိမိအတွက် ကျန်းမာရေးကောင်းဖို့ကလွဲပြီး အခြားအရေးကြီးတာမရှိဆိုတဲ့ အယူအဆအောက်မှာပဲ အလေ့အကျင့်လုပ်ပေးပါ ”

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးမြင့်ကြိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (၃၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၂

၂၀၂၆ ခုနှစ် ဇွန် ၁၅ ရက်တွင်ကျရောက်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ သွေးလှူဘဏ် ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဒုတိယဝန်ကြီးများသည် ကျန်းမာရေးဝန်ထမ်းများက သွေးလှူဒါန်းကြမည့် ဝန်ထမ်းများအား သွေးပေါင်ချိန်တိုင်း စစ်ဆေးမှု သွေးအမျိုးအစား ခွဲခြားသတ်မှတ်မှုနှင့် သွေးအလှူရှင်အား နည်းပညာအသုံးပြုမှုတို့အပါအဝင် သွေးအလှူရှင်များ သတ်မှတ်နေရာများအလိုက် စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစကား ပြောကြားကြပြီး သွေးအလှူရှင်ဝန်ထမ်းများအား အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နေပြည်တော်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး စုပေါင်းသွေးလှူဒါန်းခြင်းနှင့်ပတ်သက်သည့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ်-၄၉ သင်တန်းဆင်း

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၄၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်ခိုင်ခိုင်အောင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ၊ ကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအသင်းနှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား မပြည့်ဖြိုးဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၃) သင်တန်းဆင်း

နေပြည်တော် ဇွန် ၁၂

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၈၃) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က အမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၈၉ ဦး၊ သင်တန်းသူ ၃၄၀ စုစုပေါင်း ၄၂၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာလာအိုစစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဇွန် ၉ ရက်တွင် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းခု အလေးပြုကြသည်။

ယင်းနောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တွေ့ဆုံ၍ ဆွေးနွေးသည်။ညနေပိုင်းတွင် အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိ၍ ဦးပိန်တံတား၊ မန္တလေးမြို့ မန္တလေးတောင်၊ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်တို့ကို သွားရောက်လေ့လာခဲ့ကြပြီး ညပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ အခြေပြုခဲ့ကြသည်။ အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာကာ သန်လျင်တပ်နယ်သို့ ရောက်ရှိ၍ ဖရီးဂိတ် စစ်ရေယာဉ်ကျန်စစ်သားကို ကြည့်ရှုလေ့လာပြီး နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ နယ်မြေခံရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးနှင့် တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ဧရာသို့ သွားရောက်လည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၁၀ မှ

အဆီကြောင့် ခန္ဓာကိုယ်ဝိတ်တက်လာရင် နောက်ဆက်တွဲပါလာတဲ့ နာတာရှည် ဆီးချို၊ သွေးချို ရောဂါတွေကို ထည့်တွက်ရပါမယ်။ ယနေ့ ပြည်သူ့ကျန်းမာရေးပြဿနာမှာ ထိပ်ဆုံးကနေရာယူပြီး နှစ်စဉ်အသေအပျောက်များတဲ့ စာရင်းမှာ သွေးတိုး၊ ဆီးချို‌က အဓိကဆိုတာ မမေ့ဖို့လိုပါတယ်။ နောက်ထပ် လူတွေကြောက်တဲ့ရောဂါက ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးပါပဲ။ ဆီကိုချွေတာပြီး ထပ်ကာထပ်ကာ အပူပေးစားသုံးတတ်တဲ့ အကျင့်ဟာ ကင်ဆာ၊ နှလုံးသွေးကြောဆိုင်ရာနဲ့ ခန္ဓာတစ်ရှူး ရောင်ရမ်းခြင်းဆိုင်ရာရောဂါများနဲ့ ဆက်စပ်နေပါတယ်။

တာရှည်အပူပေးပြီး ပြန်သုံးတဲ့အဆီဟာ မူလသဘာဝဆီကောင်းဘဝကနေ ကျန်းမာရေးကို အကြီးအကျယ်ထိခိုက်စေတဲ့ အသွင်ပြောင်းဆီဘဝကို ဓာတ်ပြောင်းသွားကြောင်း သိလိုက်ရရင် မိမိကျန်းမာရေးအတွက် လုပ်သင့်လုပ်ထိုက်တာလုပ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ လူကို အကျိုးပေါ်တဲ့ free radicals မော်လီကျူးတွေ ခန္ဓာတွင်းစုမိတဲ့ အကြောင်းတရားတွေမှာ ပြန်ကြော်ဆီဆိုတဲ့ အကြောင်းတရားတစ်ခု ပါဝင်နေတဲ့အတွက် မကောင်းတဲ့ အလေ့အထဆိုရင် ဖျောက်ရပါမယ်။ ထို့ပြင် ဆီစားသုံးမှုများခြင်းဟာ အသည်းမှာ အဆီတွေ သွားစုပြီး အသည်းအဆီဖုံးပြဿနာကိုလည်း ရင်ဆိုင်ရတတ်ပါတယ်။ အသည်းအဆီဖုံးခြင်းကြောင့် နောက်ပိုင်းမှာ နာတာရှည်အသည်းရောင်၊ အသည်းခြောက်ရောဂါကနေ အသည်းပျက်စီးတဲ့အထိ ဆိုးကျိုးတွေပေးပါတယ်။

ဒါကြောင့် ဆီစားသုံးမှုများတဲ့ ပြဿနာနဲ့ ဘေးမကင်းတဲ့ ဆီသုံးစွဲမှုအလေ့အထဟာ ကျန်းမာရေးကို ဘယ်လိုမှ အထောက်အကူမဖြစ်ဘူးဆိုတာ သိသာတဲ့အတွက် ဘယ်လိုဆီအမျိုးအစားပဲဖြစ်ဖြစ် အနည်းဆုံးပမာဏနဲ့ လျှော့ချသုံးစွဲသင့်တယ်ဆိုတဲ့ အဖြေပဲ ထွက်ပါလိမ့်မယ်။ ဒါတို့သုံးတဲ့ဆီမှာ အရောအနှောတွေပါနေလား၊ ဓာတုပစ္စည်းတွေ ထည့်ထားသလား စတဲ့ ဘေးကင်းစိတ်ချရမှုကို လွယ်လွယ်နဲ့ မသိနိုင်ပါဘူး။ ဒါကြောင့် မိမိဘက်က လျှော့သုံးဖို့ကိုပဲ အကြံပြုလိုခြင်း ဖြစ်ပါတယ်။ ဆီပြန်ပင်းတွေ၊ ရွဲနေတဲ့ဆီတွေ၊ အပြင်မှာ ထွက်စားတတ်တဲ့ အလေ့အကျင့်တွေ မေ့ထားလိုက်စေချင်တယ်။ နိုင်ငံအဆင့်အနေနဲ့က စားသုံးဆီစျေးကွက်ကွင်းဆက်အဆင့်ဆင့်မှာ ဖူလုံရေးကို အထူးပြုဆောင်ရွက်နေသလို ကျန်းမာရေးအသိအမြင်နဲ့ တကွ ကိုယ့်ဝင်ငွေနဲ့ ထွက်ငွေမျှတအောင် ချင့်ချိန်သုံးစွဲရမှာကလည်း မိမိအကျိုးအတွက် မိမိရဲ့ တာဝန်ပါပဲ။

နောက်ဆုံးတော့ “အာရောဂျံ ပရမံလာဘံ” ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုတဲ့ တန်ဖိုးကို ဘာနဲ့မှမလဲဘဲ မိမိတို့ရဲ့ ဘဝအဆင့်အတန်းကို မြင့်သည်ထက်မြင့်မားအောင်သာ အလေ့အကျင့် လုပ်ကြစို့ဟူ၍သာ အကြံပြုလိုက်ပါရစေ...။ ။

မန္တလေး၌ Football For School Program ဖွင့်ပွဲကျင်းပ

မန္တလေး ဇွန် ၁၂

Football For School Program ဖွင့်ပွဲကို ယနေ့နံနက် ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာ အထက်တန်း ကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဘောလုံးအားကစားနည်းကို လေ့ကျင့် သင်ကြားပေးမည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများသို့ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(ဖီဖာ)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ထောက်ပံ့လှူဒါန်းသည့် Adidas Size(No-4) အမျိုးအစား ဘောလုံး ၄၅၇၆ လုံးကို တာဝန်ရှိသူများက တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်သည်။

ယင်နောက် အခြေခံပညာကျောင်းများမှ ကာယပညာဘာသာရပ်ကို သင်ကြားပေးသည့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တနင်္သာရီမြစ်ကူး မင်းသန်း-မောင်းလှော်တံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

မြိတ် ဇွန် ၁၂

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ် ကျေးရွာများကို ဆက်သွယ်ပေးသည့် တနင်္သာရီမြစ်ကူး မင်းသန်း - မောင်းလှော် တံတားဖွင့်ပွဲ သို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်း ပြောကြားကာ ဒေသခံလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါတံတားကို Bored Pile အုတ်မြစ်၊ သံကူကွန်ကရစ် ကမ်းကပ်ခုံ၊ ကိုယ်ထည်နှင့် သံကူကွန်ကရစ်ရက်မ၊ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်၍ ၂၀၂၅ ခုနှစ်တွင် ပြီးစီးကာ တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၃၈၈၉ သန်းနှင့် တိုင်းဒေသကြီး ရန်ပုံငွေကျပ်သန်း ၈၆၉၂ ဒသမ ၅ စုစုပေါင်း ငွေကျပ်သန်း ၁၂၅၈၁ ဒသမ ၅ ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ခိုင်ထူး(ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် ဘီလူးချောင်း မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး

လွိုင်ကော် ဇွန် ၁၂

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံမော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ရှမ်းစုရပ်ကွက်ရှိ ရှမ်းပိုင်းတံတားနှင့် ဒေါ်နီးကူးတံတားအကြားရှိ မြေထိန်းနံရံ တည်ဆောက်မည့် လုပ်ငန်းစဉ်များ၊ ဒေါ်နီးကူးရပ်ကွက်နှင့် နမ့်ကွတ်ရပ်ကွက်ရှိ ဘီလူးချောင်း ကမ်းပါး အုတ်စီခြင်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ နှင့် နမ့်ကွတ်ရေစီးကြေးမြေထိန်းနံရံ အဆင့်မြှင့်တင်တည်ဆောက်မည့် လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးကာ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လွိုင်ကော်မြို့ အမှတ်(၇) တပ်မတော်စစ်ဆေးရုံ (ခုတင်-၁၀၀)၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်ဦးစီးမှူးရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပုသိမ်မြို့၌ Football For School Launching အခမ်းအနားကျင်းပ

ပုသိမ် ဇွန် ၁၂

၂၀၂၆-၂၀၂၇ ပညာသင်နှစ် Football For School Launching Ceremony အခမ်းအနားကို ယနေ့နံနက် ပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) မှ လှူဒါန်းသော No-4 ဘောလုံးများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) ကိုယ်စားလှယ်က ပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူကာ MFF "D" Certificate Coaching Course ကာယပညာ ဆရာများက ကျောင်းသားအားကစား သမားများကို Football For School သင်ခန်းစာများ လက်တွေ့သရုပ်ပြသင်ကြားခြင်း၊ ပုသိမ်မြို့ စိန့်ဂျွန်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက Fitness Exercises ဖြင့် သရုပ်ပြတင်ဆက်ခြင်းနှင့် ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက စုပေါင်းကိုယ်လက်ကြံခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ်(၃/၄) ဖြင့် သရုပ်ပြတင်ဆက်ခြင်းများကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

လွိုင်ကော်မြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ပေး

လွိုင်ကော် ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန လွိုင်ကော်မြို့နယ်ဦးစီးမှူးရုံးမှ ယနေ့နံနက်ပိုင်းတွင် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်နှင့် UID ကတ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ် ညွှန်ကြားရေးမှူး၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားကတ်နှင့် UID ကတ်များကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား လေးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင့်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်း နိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အဖြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ရှိ နယ်မြေခံ တပ်ရင်း၌ပြုလုပ်ရာ ကြိုဂံဒေသတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိုင်းခတ်ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ နှင့် ဒေသခံတိုင်းရင်းသားပြည်သူများက တက်ရောက်ကြဆိုကြသည်။

ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေကံများဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်း ကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အောင်ပွဲရှ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစား အလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိသည်။ ယနေ့တွင် ယာဉ်၊ ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံး အနက် သုံးထပ် လူနေအဆောက်အအုံ နှစ်လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်သည်။

သတင်းစဉ်

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော တရားမဝင်အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုချဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

မိုးကြိုးလျှပ်စီးကြောင့် ကြေသီးတွဲ မီးပန်းထားသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ကြေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဓာတ်အားစနစ်တည်ငြိမ်မှုကို မြှင့်တင်နိုင်ပြီး မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်သဖြင့် ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ နံနက် ၁၁ နာရီအထိ ၃ နာရီကြာ ယာယီဓာတ်အားပိတ်၍ လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မိုင်းပျဉ်းမြို့၊ ကျိုင်းတုံမြို့၊ လွယ်မွေမြို့၊ မိုင်းခုတ်မြို့၊ မိုင်းဆတ်မြို့နှင့် မိုင်းခတ်မြို့များ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ကျိုင်းတုံမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံများကို အသေးစားရေအား လျှပ်စစ်စက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုဖြင့် ဝန်အားထိန်းညှိ ဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်တောက်မည့် အခြေအနေများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၁၃၂ ကေဗွီ တောင်ကြီး-ပင်မဓာတ်အားခွဲရုံမှ ဓာတ်အား ပို့လွှတ်ထားသော ၆၆ ကေဗွီ တောင်ကြီး-အောင်သပြေ ဓာတ်အားလိုင်း တစ်လျှောက် သစ်ပင်သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အောင်သပြေ ဓာတ်အားခွဲရုံတွင် လိုအပ်သော ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေချိန်အတွင်း နောင်ကား၊ နောင်ခဲ၊ ကျောက်တံလုံးကြီး၊ ဆီဆိုင်၊ ဆိုက်ခေါင်၊ ဘန်းယဉ်၊ စက်မှုဇုန်(၁၊၂)၊ ရှမ်းရိုးမဘိလပ်မြေစက်ရုံ၊ ဟိုတယ်ဇုန်၌ရှိ၊ စံကားခွဲရုံ၊ တောင်ကြီးအမှတ်(၁)ခွဲရုံတို့မှ ဓာတ်အားပေးထားသော စဝ်စဝ်ထွန်းဆေးရုံကြီးနှင့် အရေးကြီးနေရာများ၊ မြို့ပေါ် (၉) ရပ်ကွက်နှင့် ကျေးရွာ (၄၀၅) ရွာတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ၂၃၀/၆၆/၁၁ ကေဗွီ ဘားအံဝင်မ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီ စက်မှုဇုန်-လှိုင်းဘွဲ့ ဓာတ်အားလိုင်းကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အားကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေစဉ် ၆၆/၃၃/၁၁ ကေဗွီ လှိုင်းဘွဲ့ (ချမ်းသာ) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် လှိုင်းဘွဲ့၊ ပိုင်ကျွဲ၊ မြိုင်ကြီးငူ၊ ကမမောင်းမြို့တို့ရှိ မြို့ပေါ်ရပ်ကွက်အားလုံးနှင့် ကျေးရွာ ၈၃ ရွာတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန် ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ခရိုင်၊ မြို့ ဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန် ဓာတ်အားလိုင်းအား အသေးစိတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတောင်းမြို့နယ်၊ ၁၉ မိုင် ကျေးရွာအနီး တာဝါတိုင်အမှတ် (၁၅၇ နှင့် ၁၅၈)အကြား A Phase ဓာတ်အားလိုင်းကြိုး ကြိုးလွန်းဖွာနေခြင်း၊ တာဝါတိုင်အမှတ် (၁၁၉ နှင့် ၁၂၀) အကြား A Phase ဓာတ်အားလိုင်းကြိုး ကြိုးလွန်းပြတ်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့သို့ ဆောင်ရွက်စဉ် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်မှု (၃၄) မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်၍ ကျန်ဓာတ်အားပေးစက်ရုံများမှ တိုးမြှင့်ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ၂၃၀ ကေဗွီ ပျဉ်မနားပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ Main ထရန်စဖောမာနှင့် ဆက်စပ် Switchbay (ဆွဲဒံဘေး) ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါထရန်စဖောမာမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ သာဝတ္ထိမြို့နယ်နှင့် ဓေယျာသီရိမြို့နယ်တို့ရှိ ရပ်ကွက်နှင့်ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ သတင်းစဉ်

✪ *ကျောဖုံးမှ*

ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀၀) ဖမ်းဆီးရမိသဖြင့် မြင့်သူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူဇွန် ၉ ရက် နံနက် ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ မိုးညှင်း မြို့နယ် နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ် ပဲခူးစုရွာနေ သန်းနိုင်ဦး(၃၂)နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ် ပေကုန်းရွာနေ အောင်မြင့်ထွန်း(ခ) ထွေးပို (၄၈) နှစ် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၂ သိန်း) ဖမ်းဆီးရမိသဖြင့် သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း(ခ) ထွေးပို့တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူဇွန် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ ထွေးပိတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူဇွန် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ မိုးညှင်း မြို့နယ် နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ် ပဲခူးစုရွာနေ သန်းနိုင်ဦး(၃၂)နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ် ပေကုန်းရွာနေ အောင်မြင့်ထွန်း(ခ) ထွေးပို (၄၈) နှစ် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၂ သိန်း) ဖမ်းဆီးရမိသဖြင့် သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း(ခ) ထွေးပို့တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူဇွန် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ မိုးညှင်း မြို့နယ် နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ် ပဲခူးစုရွာနေ သန်းနိုင်ဦး(၃၂)နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ် ပေကုန်းရွာနေ အောင်မြင့်ထွန်း(ခ) ထွေးပို့တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အစ္စရေးမြောက်ပိုင်း၌ နှစ်ပေါင်း သုံးသိန်း သက်တမ်းရှိ ရွှေဟောင်းဂူ ရှာဖွေတွေ့ရှိ

ကျရာဆလင် ဇွန် ၁၂

အစ္စရေးနိုင်ငံ မြောက်ပိုင်းတွင် လွန်ခဲ့သောနှစ်ပေါင်း သုံးသိန်းခန့်က တည်ရှိခဲ့သော ရွှေဟောင်းဂူ တစ်ခုကို အစ္စရေး ရွှေဟောင်း သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အချက်အလက်များ ပေးစွမ်းနိုင်

ယင်းတွေ့ရှိမှုသည် အစောပိုင်း လူသားများ၏ နေထိုင်မှုပုံစံများကို နားလည်သဘောပေါက်ရန် အရေးကြီးသော အချက်အလက်များ ပေးစွမ်းနိုင်ကြောင်း အစ္စရေးရွှေဟောင်း အမွေအနှစ် အာဏာပိုင်အဖွဲ့၏ ယမန်နေ့က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

သုတေသီများက အဆိုပါဂူကို “အချိန်ကာလကို သိမ်းဆည်းထားသောသေတ္တာ (Time Capsule)” တစ်လုံးအဖြစ် တင်စား ဖော်ပြခဲ့ကြသည်။

မဟုက်စီးဘဲ ထိန်းသိမ်းထားနိုင်

အကြောင်းမှာ ယင်းဂူသည် နှစ်ပေါင်းထောင်ချီကြာ ပိတ်ဆို့နေခဲ့သဖြင့် သမိုင်းမတင်မိခေတ်၏ လူသိနည်းသော ကာလတစ်ခုမှ လူနေမှုဘဝဆိုင်ရာ အထောက်အထားများကို မဟုက်စီးဘဲ ထိန်းသိမ်းထားနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

အစောဆုံးယဉ်ကျေးမှု ကာလမှဖြစ်

ဟိုင်ဖာမြို့တောင်ဘက်ရှိ ဖွရဲဒီစ်မြို့အနီးတွင် တွေ့ရှိခဲ့သော အဆိုပါနေရာသည်ကျောက်ခေတ် အစောပိုင်း၏ နောက်ဆုံးကာလတွင် တည်ရှိခဲ့သော လူသားသမိုင်း အစောဆုံးယဉ်ကျေးမှု ကာလမှ ဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

ရှေးဟောင်းသုတေသနပညာရှင်များသည် ကျောက်လက်နက်ကိရိယာများ၊ တိရစ္ဆာန်အရိုးများနှင့်အမဲလိုက်မုဆိုးများကို ဆွဲဆောင်ခဲ့ဖွယ်ရှိသည့် ရေအရင်းအမြစ်များ၏ အထောက်အထားများကို တွေ့ရှိခဲ့ကြသည်။

ထို့ပြင် သမင်များ၊ ဂဇယ်သမင်များနှင့် ရှေခေတ်မြင်းမျိုးစိတ်များ၏ အရိုးများကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

နယူးဇီလန်သို့ နိုင်ငံတကာ ခရီးသွားဝင်ရောက်မှု ဆက်လက်မြင့်တက်

ဝယ်လင်တန် ဇွန် ၁၂

နယူးဇီလန်နိုင်ငံသို့ ဧပြီလအတွင်း နိုင်ငံတကာမှ လာရောက်လည်ပတ်သူဦးရေ ဆက်လက်မြင့်မားလျက်ရှိပြီး တရုတ်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ လာရောက် လည်ပတ်သူအများဆုံးဖြစ်ကြောင်း ဇွန် ၁၂ ရက်တွင် ထုတ်ပြန်သည့် တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ဧပြီလအတွင်း နယူးဇီလန်နိုင်ငံသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားခရီးသွားစုစုပေါင်း ၂၈၈၅၀၀ ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၈ ရာခိုင်နှုန်း တိုးမြင့်လာခြင်းဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ၏အချက်အလက်အေဂျင်စီဖြစ်သည့် Stats NZ က ပြောသည်။ ခရီးသွားလုပ်ငန်းသည် နယူးဇီလန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်ပြီး တိုးတက်မှုလမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေကြောင်း ယခုထုတ်ပြန်သည့် အချက်အလက်အသစ်များအရသိရသည်ဟု နယူးဇီလန်ခရီးသွားလုပ်ငန်း ဝန်ကြီး လူဝီ အပ်စတင်က ပြောသည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများအပါအဝင် လောင်စာဆီ ပြဿနာနှင့် ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများကြား၌ ယခုကဲ့သို့ ခရီးသွားဝင်ရောက်မှုနှုန်းမြင့်မားနေခြင်းမှာ ထူးခြားသည့် အခြေအနေပင် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ်အဖြစ် လာအိုနိုင်ငံတစ်ဝန်း သွေးလှူဒါန်းကြရန် တိုက်တွန်း

ဗီယင်ကျန်း ဇွန် ၁၂

လာအိုကြက်ခြေနီ အသင်းသည် ဇွန် ၁၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် လာအိုနိုင်ငံမြို့တော်ဗီယင်ကျန်း၌ သွေးလှူဒါန်းရေး လှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့သည်။

ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့သည့် အဆိုပါလှုပ်ရှားမှုတွင် အစိုးရဌာနများမှကိုယ်စားလှယ်များ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များနှင့် အများပြည်သူများ ပါဝင်ခဲ့ကြပြီး သွေးယူနစ်ပေါင်း ၄၀၀ ကျော် ရရှိရန် မျှော်မှန်းထားကြောင်း လာအိုသတင်းအေဂျင်စီက ဇွန် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

သွေးသွင်းခြင်းဖြင့် နှစ်စဉ် လူ့အသက်ပေါင်း သန်းနှင့်ချီ၍ ကယ်တင်နိုင်ခဲ့ကြောင်း လာအိုကြက်ခြေနီအသင်း ဥက္ကဋ္ဌ ခမ်းလာဗန် ချန်သာလာဗန်က ပြောကြားသည်။ နိုင်ငံအများအပြားတွင် သွေးလှူဒါန်းမှု အခြေအနေများ တိုးတက်လာသော်လည်း ဘေးကင်းပြီး အရည်အသွေးမြင့်သွေးများ လုံလောက်စွာ ရရှိနိုင်ရေးမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ်ဆက်လက် တည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ဗီယက်နမ်၏ မော်တော်ယာဉ်ရောင်းချမှု ၂၀ ရာခိုင်နှုန်းမြင့်တက်

ဟန္နိုင်း ဇွန် ၁၂

ယခုနှစ် ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံ၏ မော်တော်ယာဉ်ရောင်းချမှုမှာ ယာဉ်အစီးရေ ၁၅၆၇၀၀ အထိ ရှိလာခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၂၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဗီယက်နမ် မော်တော်ယာဉ်ထုတ်လုပ်သူများအသင်းကို ကိုးကား၍ ဗီယက်နမ် သတင်းအေဂျင်စီက ဇွန် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယင်းကာလအတွင်း ခရီးသည်တင်ယာဉ် အစီးရေ ၁၀၃၈၀၀ ကျော် ရောင်းချခဲ့ရပြီး ရောင်းအား ၁၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ထို့ပြင် ကုန်တင်ယာဉ်ရောင်းချမှုမှာ အစီးရေ ၅၁၇၀ အထိ ရှိခဲ့ပြီး ယမန်နှစ်ကထက် ၃၂ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ Hybrid မော်တော်ယာဉ် ရောင်းချမှုမှာလည်း ယခုနှစ် ပထမငါးလအတွင်း အစီးရေ ၈၅၁၈ စီးအထိ ရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၈၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။ **ဆင်ဟွာ**

အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်အတွင်း အမျိုးသားအထက်တန်းကျောင်း ၁၀၀ တည်ဆောက်မည်

ဂျကာတာ ဇွန် ၁၂

အရည်အသွေးပြည့်မီသည့် ပညာရေးကို လူတိုင်းတက်ရောက်ခွင့်ရှိစေရေးနှင့် နိုင်ငံတစ်ဝန်းရှိ ကျောင်းသားများအား ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများပေးစွမ်းနိုင်ရေးအတွက် အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်အတွင်း အမျိုးသားအထက်တန်းကျောင်း ၁၀၀ တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ပြည်တွင်းမီဒီယာများက ဇွန် ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ရွေးချယ်ထားသည့်ကျောင်းပေါင်း ၃၆ ကျောင်းမှ အဆိုပြုချက်များကိုလည်း တင်သွင်းထားပြီးဖြစ်ကြောင်း၊ ကျောင်းတစ်ကျောင်းကို နူဆန်တာရာမြို့၌ တည်ဆောက်မည်ဖြစ်ပြီး နောက်ထပ် စာသင်ကျောင်းကိုးကျောင်းကို ရွေးချယ်ထားသည့်ဒေသများတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း မူလတန်းနှင့် အလယ်တန်း ပညာရေးဝန်ကြီးအမွှာဒူမူတီက ပြောသည်။ ကနဦးရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်း ပညာရေးကွာဟချက်များကို ပေါင်းကူးပေးရန်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

သုံးနှစ်ကျော် ဆေးကုသမှုခံယူခဲ့သည့် ထိုင်းတော်ဝင်မင်းသမီး ဘာဂျာကီတီယာဘာ ကွယ်လွန်

ဘန်ကောက် ဇွန် ၁၂

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ အကြီးဆုံးသမီးဖြစ်သူ ထိုင်းတော်ဝင်မင်းသမီး ဘာဂျာကီတီယာဘာသည် ဇွန် ၁၁ ရက်က ကွယ်လွန်သွားကြောင်း တော်ဝင်အိမ်တော် ဗျူရိုက ဇွန် ၁၂ ရက်တွင် ကြေညာခဲ့သည်။

တော်ဝင်မင်းသမီး ဘာဂျာကီတီယာဘာသည် ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်မှာ သုံးနှစ်ကျော်ကြာဖြင့်ခဲ့ပြီး သက်တော် ၄၇ နှစ်အရွယ်၌ ကွယ်လွန်သွားခြင်းဖြစ်သည်။ မင်းသမီးသည် ဒေသစံတော်ချိန် ည ၇ နာရီ ၄၈ မိနစ်တွင် ဘန်ကောက်မြို့ရှိ ချူလာလောင်ကွန်းဆေးရုံ၌ ကွယ်လွန်သွားခြင်းဖြစ်ကြောင်း ဗျူရိုက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မင်းသမီးသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကတည်းက အဆိုပါ ဆေးရုံ၌ ဆေးကုသမှုခံယူနေခဲ့ခြင်းဖြစ်သည်။ မင်းသမီးသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ၎င်း၏ခွေးကို လေ့ကျင့်ပေးနေစဉ် ရုတ်တရက် နှလုံးရပ်တန့်ကာ သတိလစ်မေ့မြော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ မင်းသမီး၏ ဈာပနကို အဖြင့်ဆုံးချီးကျူးဂုဏ်ပြုမှုဖြင့် အခမ်းအနားစီစဉ်ရန် ထိုင်းဘုရင်က အမိန့်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

နိုင်ဂျာ၌ ရေနံတူးဖော်ရေးလုပ်ကွက်များကို ရင်းနှီးမြှုပ်နှံသူများအတွက် လမ်းဖွင့်ပေးထား

နီယာမေ ဇွန် ၁၂

နိုင်ဂျာနိုင်ငံတွင် လက်ရှိ ရေနံတူးဖော်ရေးလုပ်ကွက် စုစုပေါင်း ၄၄ ခုရှိပြီး ယင်းတို့အနက် ၃၅ ခုကို ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ ကျန်ရှိသည့် လုပ်ကွက်လေးခုကိုလည်း အစိုးရပိုင်အဖြစ် ပြန်လည်သတ်မှတ်နိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ရေနံဝန်ကြီး ဟာမာ ဒူတီနီက ပြောကြားခဲ့သည်။

နိုင်ဂျာနိုင်ငံ၏ ရေနံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ကုမ္ပဏီများအတွက် ရေနံတွင်း ၄၃၀ ကျော်နှင့် မြေအောက်ဘူမိဗေဒဆိုင်ရာ လေ့လာချက်အချက်အလက်များကို ရရှိအသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း ဝန်ကြီးက ယမန်နေ့က နိုင်ငံပိုင်ရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

မိမိတို့ ရှာဖွေတွေ့ရှိထားသော ရေနံမြေ ၁၁၂ ခုမှ တစ်နေ့လျှင် ရေနံစည် ၁၁၀၀၀၀ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမှတစ်ဆင့် ပြည်ပသို့ တစ်နေ့လျှင် ရေနံစည် ၉၀၀၀၀ တင်ပို့နိုင်မည်ဖြစ်သလို ပြည်တွင်းစွေးကွက်အတွက်လည်း တစ်နေ့လျှင် ရေနံစည် ၂၀၀၀၀ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ

၂၀၂၅ ခုနှစ်သည် ပါကစ္စတန်နိုင်ငံအတွက် ၆၅ နှစ်တာအတွင်း ဒုတိယအပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်

အစ္စလာမ်မာဘတ် ဇွန် ၁၂

ပါကစ္စတန်နိုင်ငံသည် ၂၀၂၅ ခုနှစ်ကို ၆၅ နှစ်အတွင်း ဒုတိယအပူဆုံးနှစ်အဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း ဇွန် ၁၁ ရက်တွင် ထုတ်ပြန်သည့် ၂၀၂၅-၂၀၂၆ စီးပွားရေးဆန်းစစ်လေ့လာချက်အရ သိရသည်။

၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၂၀၂၅ ခုနှစ်မှာ ဒုတိယအပူဆုံးနှစ်ဖြစ်လာခဲ့ရာ နှစ်နှစ်ဆက်တိုက် အပူချိန်မြင့်မားမှုကို ကြုံတွေ့ခဲ့ရကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ ပါကစ္စတန်နိုင်ငံ၏ နှစ်စဉ်ပျမ်းမျှအပူချိန်မှာ ၂၀၂၅ ခုနှစ်တွင် ၂၃ ဒသမ ၉ ဒီဂရီဆဲလ်စီယပ်ရှိခဲ့ပြီး ရေရှည်ပျမ်းမျှ အပူချိန်ထက် ၁ ဒသမ ၁ ဒီဂရီ ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်အတွင်း မိုးရေချိန် ၂၈၈ ဒသမ ၅ မီလီမီတာ ရရှိခဲ့ပြီး ဒေသအလိုက် မိုးရွာသွန်းမှုပုံစံများ ကွဲပြားမှုရှိခဲ့သော်လည်း ရေရှည်ပျမ်းမျှထက် ၃ ရာခိုင်နှုန်း အောက် လျော့နည်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဇွန် ၁၄ ရက်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်မှ ပွဲစဉ် ငါးပွဲအထိ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နာမည်ကြီး ဘရာဇီးက မိုရိုကို၊ ဂျာမနီက ကျူရာဆိုအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ပွဲစဉ်တွေ ပါဝင်နေပြီး အဖွင့်ပွဲစဉ်မှာ ထိပ်တန်းအသင်းတွေ ရမှတ်အပြည့်ရယူသွားနိုင်မလား သို့မဟုတ် အသင်းငယ်တွေက အံ့အားသင့်ဖွယ် အနိုင်ယူပြီး ရမှတ်စုဆောင်းသွားနိုင်မလား စိတ်ဝင်စားဖွယ်စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

မိုရိုကိုရဲ့ ရုန်းအားကြောင့် ဘရာဇီး အခက်တွေ့နိုင်

ကာတာအသင်း နောက်ဆုံးသုံးပွဲရလဒ်

ကာတာ	၀-၃	တူနီးရှား
အိုင်ယာလန်	၁-၀	ကာတာ
ကာတာ	၀-၀	အယ်ဆာဗေဒို

ဆွစ်ဇာလန်အသင်း နောက်ဆုံးသုံးပွဲရလဒ်

နေဒေ	၀-၀	ဆွစ်ဇာလန်
ဆွစ်ဇာလန်	၄-၁	ဂျော်ဒန်
ဆွစ်ဇာလန်	၁-၁	ဩစတြေးလျ

ဘရာဇီးအသင်း နောက်ဆုံးသုံးပွဲရလဒ်

ဘရာဇီး	၃-၁	ခရိုအေးရှား
ဘရာဇီး	၆-၂	ပနားမား
ဘရာဇီး	၂-၁	အီဂျစ်

မိုရိုကိုအသင်း နောက်ဆုံးသုံးပွဲရလဒ်

မိုရိုကို	၂-၁	ပါရာဂွေး
မိုရိုကို	၄-၀	မာဒါဂတ်စကာ
မိုရိုကို	၁-၁	နော်ဝေ

ဟေတီအသင်း နောက်ဆုံးသုံးပွဲရလဒ်

ဟေတီ	၁-၁	အိုက်စလန်
ဟေတီ	၄-၀	နယူးဇီလန်
ဟေတီ	၁-၂	ပီရူး

စကော့တလန်အသင်း နောက်ဆုံးသုံးပွဲရလဒ်

အိုင်ဗရီကို့စ်	၁-၀	စကော့တလန်
စကော့တလန်	၄-၁	ကျူရာဆို
ဘိုလီဗီးယား	၀-၄	စကော့တလန်

ဩစတြေးလျအသင်း နောက်ဆုံးသုံးပွဲရလဒ်

ဩစတြေးလျ	၅-၁	ကျူရာဆို
မက္ကဆီကို	၁-၀	ဩစတြေးလျ
ဆွစ်ဇာလန်	၁-၁	ဩစတြေးလျ

တူကီယဲအသင်း နောက်ဆုံးသုံးပွဲရလဒ်

ကိုဆိုပို	၀-၁	တူကီယဲ
တူကီယဲ	၄-၀	မ/မက်ဆီဒိုးနီးယား
တူကီယဲ	၂-၁	ဗင်နီဇွဲလား

ဂျာမနီအသင်း နောက်ဆုံးသုံးပွဲရလဒ်

ဂျာမနီ	၂-၁	ဂါနာ
ဂျာမနီ	၄-၀	ဖင်လန်
USA	၁-၂	ဂျာမနီ

ကျူရာဆိုအသင်း နောက်ဆုံးသုံးပွဲရလဒ်

တရုတ်	၂-၀	ကျူရာဆို
ဩစတြေးလျ	၅-၁	ကျူရာဆို
စကော့တလန်	၄-၁	ကျူရာဆို

ကာတာ VS ဆွစ်ဇာလန် နံနက် ၁း၃၀

ကာတာနဲ့ ဆွစ်ဇာလန်က ကမ္ဘာ့အဆင့်သတ်မှတ်ချက်နဲ့တစ်ဦးချင်း စွမ်းဆောင်ရည်ပိုင်းလည်း ကွာခြားမှုရှိတယ်။ ဆွစ်ဇာလန်က အုပ်စု(ခ)မှာ အင်အားတောင့်တင်းတဲ့အသင်းဖြစ်ပြီး နောက်တစ်ဆင့်တက်ဖို့ ထင်ကြေးပေးခံရတဲ့အသင်းလည်း ဖြစ်တယ်။ တိုက်စစ်ပိုင်း သာလွန်ပြီး ထိပ်တန်းအဆင့်ကစားသမား အများအပြားရှိတဲ့ ဆွစ်ဇာလန်ကို ကာတာအသင်း အနိုင်ရဖို့ မလွယ်ပါဘူး။

ဖိဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - ကာတာ ၅၆၊ ဆွစ်ဇာလန် ၁၉

ဘရာဇီး VS မိုရိုကို နံနက် ၄း၃၀

ကမ္ဘာ့ဖလားသမိုင်းမှာ ချန်ပီယံငါးကြိမ်ခံနဲ့အောင်မြင်မှုအများဆုံးအဖြစ် ရပ်တည်နေတဲ့ ဘရာဇီးနဲ့ ၂၀၂၂ ကမ္ဘာ့ဖလားမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းပြီး အာဖရိကဂုဏ်ဆောင်ခဲ့တဲ့ မိုရိုကိုတို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်တာကြောင့် အုပ်စုအဆင့်ရဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံး ပွဲစဉ်ဖြစ်လာမှာပါ။ နည်းပြ အနန်ဆယ်လော့တီလက်ထက်မှာ ခံစစ်ပိုင်း ကျစ်လျစ်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ ဘရာဇီးအသင်း ခက်ခက်ခဲခဲကစားပြီး နိုင်ပွဲရယူသွားနိုင်တယ်။

ဖိဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - ဘရာဇီး ၆၊ မိုရိုကို ၇

ဟေတီ VS စကော့တလန် နံနက် ၇း၃၀

ကမ္ဘာ့ဖလားပြိုင်ပွဲကို နှစ်ပေါင်းများစွာကြာမှ တစ်ကျော့ပြန်ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့ အသင်း နှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဟေတီက ခံစစ်ပိုင်း အားနည်းမှုရှိပေမယ့် တန်ပြန်တိုက်စစ်စွမ်းဆောင်ရည် ကောင်းမွန်မှုရှိတယ်။ နိုင်ပွဲရရေး အားစိုက်ကစားလာမယ့် ဟေတီရဲ့ရုန်းအားကြောင့် စကော့တလန်အသင်း အခက်တွေ့နိုင်ပေမယ့် နိုင်ပွဲရယူသွားဖွယ်ရှိတယ်။

ဖိဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - ဟေတီ ၈၃၊ စကော့တလန် ၄၁

ဩစတြေးလျ VS တူကီယဲ နံနက် ၁၀း၃၀

ဩစတြေးလျအသင်းက ဝါရင့်ဂိုးသမား မက်သ်ဂူးရိုင်ယန်၊ ခံစစ်က ဟာရီဆူတာ၊ ကွင်းလယ်က ဂျက်ဆင်အာဗိုင်းတို့လို ထိပ်တန်းကစားသမားတွေ ပိုင်ဆိုင်သလို တူကီယဲအသင်းမှာလည်း ဘယ်ဒါ၊ အာဒါဂူလာ၊ ကယ်ဟန်နဲ့ဂလူစတဲ့ အရည်အသွေးမြင့် ကစားသမားတွေရှိတယ်။ ဩစတြေးလျအသင်းရဲ့ ခြေခွင်မဆိုးဘူးဆိုပေမယ့် တူကီယဲအသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုတွေကို ပွဲချိန်ပြည့် ခုခံဖို့ မလွယ်ဘူး။

ဖိဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - ဩစတြေးလျ ၂၇၊ တူကီယဲ ၂၃

ဂျာမနီ VS ကျူရာဆို ည ၁၁း၃၀

ကမ္ဘာ့ဖလားကို လေးကြိမ်အထိ ဆွတ်ခူးရရှိထားတဲ့ ဂျာမနီနဲ့ သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားကို ပထမဆုံးအကြိမ် ဝင်ရောက်ခွင့်ရရှိတဲ့ ကျူရာဆိုတို့ ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ရပ်တည်မှုရော တစ်ဦးချင်းစွမ်းဆောင်ရည်ပါ ဂျာမနီက သာလွန်မှုရှိတယ်။ ကျူရာဆိုအသင်းအနေနဲ့ ဂျာမနီအသင်းကို အမြင့်ဆုံး အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။ ဂျာမနီအသင်း ဂိုးပြတ်နိုင်ဖွယ်ရာရှိတယ်။

ဖိဖာကမ္ဘာ့အဆင့်သတ်မှတ်ချက် - ဂျာမနီ ၁၀၊ ကျူရာဆို ၈၂

၂၀၂၆ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် အိမ်ရှင်မက္ကဆီကို၊ တောင်ကိုရီးယားတို့ နိုင်ပွဲရ

အိမ်ရှင်မက္ကဆီကိုနှင့် တောင်အာဖရိကအသင်းတို့၏ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်ကို ဇွန် ၁၂ ရက် နံနက် ၁ နာရီခွဲက မက္ကဆီကိုစီးတီး အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိပြီး အဖွင့်မျက်နှာပန်းလှခဲ့သည်။

အဆိုပါ ပွဲစဉ်မှာ အကြိတ်အနယ်ရှိပြီး အနိကတ် သုံးကတ်ပြသခဲ့ရသည်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပွဲအစကိုးမိနစ်တွင် တောင်အာဖရိကအသင်း ခံစစ်ကစားသမား စစ်သိုးလ်၏အမှားကို အခွင့်ကောင်းယူကာ တောင်ပံတိုက်စစ်ကစားသမား ဂျူလီယန် ကီဥွန်နက်စ်က မက္ကဆီကိုအသင်းအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ထို့နောက် ပွဲချိန် ၆၇ မိနစ်တွင် အသင်းအဓိက တိုက်စစ်ကစားသမား ရာအူးလ်ဂျိမိနက်ဇ်က အသင်းအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ယင်းပွဲစဉ်မှာ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်သမိုင်းတစ်လျှောက် အနိကတ် အများဆုံးပြသခဲ့ရသည့်ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ တောင်အာဖရိကဂိုးသမား ဝီလီယံသည် မက္ကဆီကိုအသင်း၏ ဂိုးရန်ရှင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြ ကာကွယ်ဟန့်တားနိုင်ခဲ့သည်။

နံနက် ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် တောင်ကိုရီးယားနှင့် ချက်ဇ်အသင်းပွဲစဉ်တွင် တောင်ကိုရီးယားအသင်းက အကြိတ်အနယ် ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ မက္ကဆီကိုအသင်းသည် လာမည့်ပွဲစဉ်တွင် တောင်ကိုရီးယားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တောင်အာဖရိကအသင်းက ချက်ဇ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကွင်းလယ်ကစားသမားစစ်သိုးလ် ၂၀၂၆ ကမ္ဘာ့ဖလား ပထမဆုံး အနိကတ် ပြသခံရ

တောင်အာဖရိက ကွင်းလယ်ကစားသမား စစ်သိုးလ်သည် ၂၀၂၆ ဖိဖာကမ္ဘာ့ဖလားပြိုင်ပွဲ၏ မက္ကဆီကိုအသင်းကို ရှုံးနိမ့်ခဲ့သော ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်တွင် ပထမဆုံး အနိကတ်ပြသခံခဲ့ရသူ အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကစားသမားသည် ပွဲချိန် မိနစ် ၅၀ တွင် ပြိုင်ဘက် ကစားသမားကိုကစားပုံကြမ်းတမ်းခဲ့သည့်အတွက် တိုက်ရိုက် အနိကတ် ပြသခံခဲ့ခြင်း ဖြစ်သည်။

■ မိုးဇက်

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် ဇွန် ၁၂

ကမ္ဘာ့ကလေး အလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် Royal Myanmar အစည်အဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် လူမှုရေးရာဝန်ကြီးဦးတင်ဇော်ထွန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကလေးအလုပ်သမား ပပျောက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာ ဝန်ကြီးက မွန်ပြည်နယ်အတွင်း ကလေး အလုပ်သမားလျော့နည်းပပျောက် စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက် ပေးကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)

စဉ့်ကိုင်မြို့နယ် လက်ဝဲကျေးရွာ၌ ပျားမွေးမြူရေး အသိပညာပေး

စဉ့်ကိုင် ဇွန် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ (စဉ့်ကိုင်မြို့နယ် တာဝန်ခံရုံး) က ပျားမွေးမြူရေး ပြည်သူအသိပညာပေးသင်တန်းကို ဇွန် ၉ ရက်က စဉ့်ကိုင်မြို့နယ် လက်ဝဲကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်ရာ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ (စဉ့်ကိုင်မြို့နယ် ရုံး) မှ မြို့နယ်ဦးစီးမှူး ဦးသိန်းကို က အမှာစကားပြောကြားပြီး ပုဂ္ဂလိက ပျားမွေးမြူသူများသို့ ပျားမျိုးမြှင့်တင်ရေး ဆောင်ရွက်ရန် ဖြန့်ဖြူးပေးမှုအခြေအနေများ နှင့် ပျားရည်ထုတ်လုပ်မှု လုပ်ငန်း သုံးပစ္စည်းများဖြင့် ပျားရည် ထုတ်လုပ်ပုံ အဆင့်ဆင့်တို့အား လက်တွေ့ ရှင်းလင်းပြသသည်။ သင်တန်းကို ဇွန် ၉ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

ကျော်စွာ (စဉ့်ကိုင်)

ကင်ဆာဝေဒနာရှင်များ အားထားရာဖြစ်လာမည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အမျိုးသားကင်ဆာကုသရေးဗဟိုဌာန

ဇွန် လ၏ မိုးသည်းထန်စွာ ရွာသွန်းနေသော နံနက်ခင်းတစ်ခု။ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ် (YBS) ၁၃၃ ဂိတ်သို့ ခရီးသည်ယာဉ်တစ်စီး ဆိုက်ရောက်လာသည်နှင့် ကားပေါ်မှ ခရီးသည်အချို့ ဆင်းလာကြသည်။ ထိုခရီးသည်များကြားတွင် တစ်ဦးကိုတစ်ဦး ဖေးမကူတွဲကာ ဆင်းလာသည့် အမျိုးသမီးနှစ်ဦး။ "မိုးကလည်း သည်းလိုက်တာနော်"ဟု အဖော်အဖြစ် လိုက်ပါလာဟန်ရှိသည့် အမျိုးသမီးက ထီးကို ဆန့်ဖွင့်ရင်း ခပ်ညည်းညည်းဆိုသည်။

ကြည့်ရသည်မှာ သူတို့နှစ်ဦးထဲတွင် တစ်ဦးမှာ ဝေဒနာကို အနံတုနေရသည့် ကင်ဆာဝေဒနာရှင်ဖြစ်ပြီး ကျန်တစ်ဦးမှာမူ သူ၏အဖော်(သို့မဟုတ်) လူနာစောင့်ဖြစ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ခြေလှမ်းများက ကားဂိတ်အနီးရှိ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနဝင်းအတွင်းသို့ ခပ်သွက်သွက် ကလေး လျှောက်လှမ်းဝင်သွားခြင်းကြောင့်ပင်ဖြစ်သည်။

ထိုအမျိုးသားကင်ဆာကုသရေးဗဟိုဌာနသည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကုလားဝဲတံတား(သန်လျင်အမှတ် ၂ တံတား) အနီးတွင် တည်ရှိပြီး ကင်ဆာရောဂါသီးသန့်ကုသပေးရာ ဌာနကြီးဖြစ်သည်။

အဆိုပါအမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ကင်ဆာဝေဒနာရှင်များအတွက် တစ်နေရာတည်းတွင် ပြည့်စုံသည့် ကုသမှုစင်တာ (One- stop Comprehensive Care Center)အဖြစ် ဆေးကုသမှုများပေးနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကိုပါ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ အမျိုးသားကင်ဆာကုသရေး ဗဟိုဌာနသည် ကင်ဆာရောဂါ အမျိုးမျိုးကို ကုသမှုခံယူရန် ရပ်ဝေးမှလာရောက်သည့် ယာဉ်ကြီး ယာဉ်ငယ် အသွယ်သွယ်နှင့်အတူ များပြားလှသည့် ဝေဒနာရှင်များဖြင့် နေ့စဉ်နှင့်အမျှ လှုပ်ရှားသက်ဝင်လျက်ရှိနေသည်။

ထိုအမျိုးသားကင်ဆာကုသရေး ဗဟိုဌာနတွင် အထူးသဖြင့် ကင်ဆာဆဲလ်များကို ပစ်မှတ်ထားချေမှုန်းနိုင်သည့် ခေတ်မီဓာတ်ရောင်ခြည်ကုစက်ကြီးများဖြင့် ကုသပေးခြင်း၊ လူနာများသက်သောင့်သက်သာဖြင့် စနစ်တကျဆေးဝါးကုသမှု ခံယူနိုင်မည့် ဓာတုကုထုံး (Chemothe- rapy) ဆေးသွင်းခြင်းလုပ်ငန်းများကို အဓိကထား လုပ်ဆောင်ပေးနေဖြင့်ဖြစ်သည်။

"ကင်ဆာရောဂါနဲ့ ပတ်သက်တဲ့ ကုထုံးအမျိုးမျိုးကို နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှုနဲ့ ခေတ်မီနည်းပညာဖြင့် ဓာတ်ရောင်ခြည်သုံးစက်တွေနဲ့ လူနာတွေကိုကင်ဆာရောဂါအမျိုးမျိုး ကုသမှုပေးနေပါတယ်။ ဆေးရုံတွေကနေ လွှဲစာတွေနဲ့ လာတဲ့ လူနာတွေလည်း ကုသပေးနေပါတယ်" ဟု ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုဌာနမှူး ပါမောက္ခဌာနမှူး ဒေါက်တာ မိုးလှိုင်က ပြောသည်။

ၦးကဆက်လက်၍ **"ဓာတ်ရောင်ခြည်နဲ့ ပတ်သက်ပြီး အပြင်လူနာရော အတွင်းလူနာပါ ကုပေးနေပါတယ်။ ဒီအမျိုးသားကင်ဆာကုသရေးဗဟိုဌာနမှာ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ တပ်ဆင်ထားတဲ့ စက်သုံးလုံး၊ ပြင်ပအလှူရှင်များက လှူထားတဲ့ စက်တစ်လုံး စုစုပေါင်း လေးလုံး ရှိပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ဓာတ်ရောင်ခြည်စက်သုံးလုံး ရှိပါတယ်။ စုစုပေါင်း ဓာတ်ရောင်ခြည်စက် ခုနစ်လုံးနဲ့ တစ်ရက်ကို လူနာ ၅၀၀ ကနေ ၆၀၀ ကြား ကုသပေးနေပါတယ်"** ဟု ပြောသည်။

ထို့ပြင် ကင်ဆာဝေဒနာရှင်များအတွက် လိုအပ်သည့် ကုသမှုများပြုလုပ်ရာတွင် အခမဲ့ပံ့ပိုးကူညီမှုများရှိသည့်အတွက် စရိတ်ကြီးမားလှသောရောဂါ ဝေဒနာကြောင့် စိုးရိမ်ပူပန်နေရသည့် လူနာနှင့် မိသားစုဝင်များအတွက် များစွာ အသက်ရှူချောင်စေမည်ဖြစ်သည်။

ထို့မျှသာမက ရပ်ဝေးမှ လာရောက်ကြရပြီး ဆေးရုံတက်ကုသမှု ခံယူနေစဉ် ကာလအတွင်း နေထိုင်ရေး အခက်အခဲရှိသော လူနာများနှင့် လူနာစောင့်များ ဓာတ်ရောင်ခြည် ကုသမှုပေးနေသည့် ကာလတစ်လျှောက်လုံး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် စနစ်တကျ စီစဉ်ပေးထားခြင်းက ကာလရှည်ကြာ ကုသရသည့် ဝေဒနာရှင်များအတွက် သာမက မိသားစုများ၏ ငွေကြေးပိုင်း ဆိုင်ရာ သောကများကိုပါ စိတ်သက်သာ ရာရစေနိုင်သည့် စီစဉ်ပေးထားမှု တစ်ခု ပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မကူးစက်နိုင်သည့် ရောဂါများ ဖြစ်ပွားနှုန်းသိသိသာသာ မြင့်မားလာနေပြီး ယင်းရောဂါများထဲတွင် ကင်ဆာရောဂါသည် ကျန်းမာရေးကဏ္ဍ အတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် ကင်ဆာလူနာသစ်သန်း ၂၀ ခန့်ရှိပြီး ထိုအထဲတွင်မှ ၉ ဒသမ ၆ သန်းခန့် သေဆုံးခဲ့ကြောင်း သိရသည်။ မိမိတို့နိုင်ငံတွင်လည်း အသက် ၇၅ နှစ်မတိုင်မီ ကင်ဆာဖြစ်ပွားနိုင်ခြေ ၁၃ ဒသမ ၉ ရာခိုင်နှုန်းရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရေးကြီးလာပြီဖြစ်သည်။

ထို့ကြောင့် ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်း လျော့ကျရန်နှင့် ရောဂါဖြစ်ပွားသည်ကို စောစီးစွာ သိရှိကုသမှု ခံယူနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် **"ကင်ဆာရောဂါထိန်းချုပ်ရေး အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)"**ကို ရေးဆွဲပြီး ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံတွင် ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ နေပြည်တော် စသည့် မြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကင်ဆာဝေဒနာရှင်များအတွက် ဓာတ်ရောင်ခြည် ကုသမှုခံယူကြရာ၌ ရှိသည့် စက်အင်အားနှင့် တစ်နေ့တခြား တိုးပွားလာသည့် လူနာအရေအတွက် မမျှတမှုများကြောင့် လူနာများအနေဖြင့် ကုသမှုခံယူရန် နှစ်ချို(လအတော်ကြာ) စောင့်ဆိုင်းရခြင်း၊ စရိတ်စက ပိုမိုကုန်ကျစွာ လွှောချပေးနိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ဆေးကုသမှုပေးနိုင်ရန်အတွက် နိုင်ငံတော်က အမျိုးသားကင်ဆာ ကုသရေးဗဟိုဌာနရှိ ငါးထပ်ကုသဆောင်၊ ရှစ်ထပ်ကုသဆောင်များနှင့် ဓာတ်ရောင်ခြည်စက်ခန်းများအတွက် ငွေကျပ် ၃၄ ဘီလီယံကျော်၊ ဝန်ထမ်းအိမ်ရာများအတွက် ငွေကျပ် ၁၂ ဘီလီယံကျော်နှင့် ဓာတ်ရောင်ခြည်ကုသစက်အသစ်သုံးလုံးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ဘီလီယံ ၃၀ ကျော်ကို ခွင့်ပြုပေးခဲ့ပြီး ယခုနှစ်တွင် အလှူရှင်များ လှူဒါန်းသည့် စက်တစ်လုံးသည်လည်း ငွေကျပ် ၁၉ ဘီလီယံ တန်ဖိုးရှိကြောင်း သိရသည်။

ထိုသို့အဆောက်အအုံများ ဆောက်လုပ်ပြီးစီးသည့် ၂၀၂၅ ခုနှစ် ဇူလိုင်လမှ စတင်၍ အတွင်းလူနာများကိုပါ လက်ခံကုသပေးနိုင်ခဲ့ခြင်းကြောင့် ဇွန်လ ၁၀ ရက်အထိ ဆေးကုသမှုမှတ်တမ်းများအရ အတွင်းလူနာ ၇၉၆ ဦးနှင့် ပြင်ပလူနာ ၁၁၅၂၉ ဦးကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီးဖြစ်သည်။

ကင်ဆာဝေဒနာရှင်များအချိန်မီ ကုသမှု ခံယူနိုင်ရေးအတွက် နိုင်ငံတော်က ဘက်စုံ ထောက်ပံ့ပေးနေသကဲ့သို့ပင် ယခုလုပ်ငန်းစဉ်တွင် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းကသာမက အခြားသက်ဆိုင်ရာဌာနများနှင့် ကဏ္ဍစုံကပါဝင်းဝန်း ပူးပေါင်းပါဝင်လာကြသည်မှာလည်း လွန်စွာဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

အထူးသဖြင့် ဝေဒနာရှင်များအတွက် အဓိကကျလှသည့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် အများပြည်သူသယ်ယူပို့ဆောင်ရေး ၁၃၃ ယာဉ်လိုင်းကဲ့သို့သော လိုင်းကားများကဆေးရုံအနီးအနားအထိ ဂိတ်ရွှေ့ပြောင်း အခြေစိုက်ပြေးဆွဲကာ ကူညီပေးခဲ့ကြသည်။ ယခုကဲ့သို့ အများပြည်သူသုံး မော်တော်ယာဉ်လိုင်းများ အများအပြားအလွယ်တကူ ရောက်ရှိလာနိုင်မည်ဆိုပါက ရပ်နီးရပ်ဝေးမှ ကင်ဆာဝေဒနာရှင်များနှင့် မိသားစုဝင်များအတွက် သွားလာရေး ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။

"လိုင်းကားတွေပိုပြီး ပြေးဆွဲပေးစေချင်တယ်။ တစ်ဆင့်တည်း မရောက်တဲ့အခါ ပြောင်းစီးရတော့ လူနာတွေ တော်တော်လေး သွားလာရခက်တယ်။ နယ်ဝေးကလာတဲ့ သူတွေ အဆင်ပြေဖို့ အဝေးပြေး ကားဂိတ်တွေကနေ ဒီကို ရောက်တဲ့လိုင်းကားပြေးပေးရင် ပိုပြီး တော့ အဆင်ပြေမှာပါ"ဟု ကျိုက်ထိုမြို့နယ်မှ ရင်သားကင်ဆာအတွက် ဓာတ်ရောင်ခြည်ကုသမှုခံယူရန် ရောက်ရှိနေသည့် ဝေဒနာရှင်တစ်ဦးက ပြောပြသည်။

ထို့ပြင် နိုင်ငံတော်ကလည်း ကင်ဆာလူနာများ ဓာတ်ရောင်ခြည်နှင့် ကုသခံရန် စောင့်ဆိုင်းရသည့်အချိန်ကို လျှော့ချနိုင်ရန် ဓာတ်ရောင်ခြည်ကုသစက်များ ဝယ်ယူတပ်ဆင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေကို အထူးဦးစားပေး ခွင့်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ နေပြည်တော်အတွင်းရှိ ကင်ဆာဝေဒနာ ကုသပေးနေသည့် ဆေးရုံကြီးများ၌ လက်ရှိ ဓာတ်ရောင်ခြည် ကုသစက် စုစုပေါင်း ၂၆ လုံး၊ Brachytherapy ဓာတ်အပ်စိုက်ကိရိယာကိုးလုံး၊ ဓာတ်ရောင်ခြည်ကုသမှု စင်တာ ၁၄ ခုအထိ တိုးတက်လာခဲ့ပြီး ကင်ဆာဝေဒနာရှင်များအား ထိရောက်စွာ ကုသမှုပေးနိုင်ပြီဖြစ်သည်။

"လူနာတွေအတွက် အရင်ထက်စာရင် ဓာတ်ရောင်ခြည်စက် အသုံးပြုနိုင်မှု တိုးတက်လာတယ်။ ဓာတ်ရောင်ခြည် ကုသမှု နည်းပညာအနေနဲ့လည်း နိုင်ငံတကာရဲ့ ကုသမှုစံနှုန်းတွေအတိုင်း ကုသမှုပေးလျက်ရှိပါတယ်။ ဆေးဝါးတိုးတက်မှုအပိုင်းမှာလည်း အများကြီးတိုးတက်လာပါတယ်" ဟု ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ကောင်းမြတ်ရွှေက ပြောသည်။

ကင်ဆာရောဂါသည် လူအများကြောက်ရွံ့ထိတ်လန့်ကြသည့်အတိုင်း အသက်အန္တရာယ်နှင့် နီးစပ်သော ရောဂါကြီးတစ်ခုဖြစ်သည်မှာ မှန်သော်လည်း ကင်ဆာဟုသိရုံမျှဖြင့် စိတ်ဓာတ်ကျ အရှုံးပေးရန်မလိုပေ။ ယနေ့ခေတ်တွင် ဆေးပညာ၊ နည်းပညာများ ထွန်းကားလာပြီဖြစ်ရာ ကင်ဆာရောဂါအချို့သည် စနစ်တကျကုသပါက လုံးဝပျောက်ကင်းနိုင်သည့်အဆင့်သို့ ရောက်ရှိပြီဖြစ်

ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးဂရုပြုဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း စောစောသိ၊ စောစောကုပါက ကင်ဆာဝေဒနာနှင့် နောက်ဆက်တွဲလူမှုဒုက္ခများဘေးမှ ကင်းဝေးနိုင်မည်

စာမျက်နှာ ၁၇ သို့

လွိုင်ကော်မြို့၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

လွိုင်ကော် ဇွန် ၁၂

ကယားပြည်နယ် လွိုင်ကော်မြို့တွင် အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက်က ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ပြုလုပ်ရာ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

သင်တန်းတွင် အခြေခံလူသုံးကုန်ထုတ်လုပ်မှု ၁၈ မျိုးကို သင်တန်းသား သင်တန်းသူ ၂၀ အား ဇွန် ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်ကြာ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

အမြင့်ဆုံးနေ့အပူချိန်များ (၁၂-၆-၂၀၂၆)

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	တံတားဦးမြို့	၃၇.၂	၉၉.၀
၂။	မြင်းမူမြို့	၃၆.၉	၉၈.၄
၃။	မန္တလေးမြို့	၃၆.၀	၉၆.၈
၄။	ကျောက်ဆည် (လွန်ကျော်)	၃၆.၀	၉၆.၈

❑ *ကျောက်ဖုံးမှ*

ပြည်သူများနှင့် နိုင်ငံဝန်ထမ်းများအား ဒြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်းဥပဒေ အထက်အောက် အဆင့်အတန်းခွဲခြားခြင်း အချင်းချင်းမိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်း နှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသည့် ရွှေတောင်မြို့မှ အမျိုးသား နှစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား နှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦး၊ နေပြည်တော် ကောင်စီနယ်မြေမှ အမျိုးသား တစ်ဦး၊ တောင်ကုတ်မြို့မှ အမျိုးသား တစ်ဦး၊ တာမွေမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသားတစ်ဦး၊ သဲကုန်းမြို့မှ အမျိုးသားတစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ တိုက်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ ပုသိမ်မြို့မှ အမျိုးသား တစ်ဦး၊ ဇလွန်မြို့မှ အမျိုးသား တစ်ဦး၊ ဒိုက်ဦးမြို့မှ အမျိုးသား တစ်ဦး၊ မြင်းမူမြို့မှ အမျိုးသမီးတစ်ဦး၊ နတ်မောက်မြို့မှ အမျိုးသမီး တစ်ဦး၊ ပန်းတောင်းမြို့မှ အမျိုးသမီး တစ်ဦး၊ ဧရာကုန်းမြို့မှ အမျိုးသမီးတစ်ဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ အားကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်း တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် တစ်လက်၊ MA-2 သေနတ် တစ်လက်၊ M-16 သေနတ် နှစ်လက်၊ M-4 သေနတ် လေးလက်၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ၅ ဒသမ ၅၆ မမကျည် အကောင့် ၂၀၊ ကျည်အိမ် ခုနစ်ခု၊ အမ် ၄ ကျည် အကောင့် ၁၂၀ နှင့် အမ် ၁၆ ကျည် ၁၇ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်းဖယ် ရှုစ်လက် အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ ရှေ့ထွက်မိုင်း တစ်လုံးအတွက် ဆုကြေးငွေ သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခဲဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စားအလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ ကျွန်တော်က ၃၈၁၁ မှာပါ။ အဲဒီမှာကတော့ မကြာပါဘူး။ ကျွန်တော် ၂၀၂၁ ခုနှစ်မှာ ၄/၅ လလောက်ပဲ ကြာလိုက်တယ်။ အဲဒီကနေပြီး ရခိုင်ကို ရောက်သွားတယ်။ အဓိကတော့ လက်နက် မရှိတော့ လက်နက်ရှိတဲ့နေရာ သွားပြီး ပူးတွဲတိုက်ပေးရတာပါ။ တချို့ ခေါင်းဆောင်တွေဆိုရင် ကောင်းမွန်တဲ့ ကားတစ်စီးနဲ့ သွားတယ်၊ လာတယ်၊ KTV တွေ တက်တယ်။ အောက်ခြေက ရဲဘော်တွေကတော့ ရှေ့မှာ အသက်တွေပေးလို့ပေါ့နော်။ ဒါမျိုး တွေလည်း ကြုံတွေ့နေရတာပေါ့။ အလင်းဝင်ဖို့ကတော့ ကြာပါပြီ။ အခွင့်မသာလို့ပေါ့နော်။ အရင်ဆုံး အမေ့ကိုလှမ်းပြောတယ်။ အလင်း ဝင်သင့်လားလို့။ အမေကလည်း ပြန်ပြီး အလင်းဝင်ဖို့ပြောတယ်။ တပ်မတော်ကလည်း ကြိုဆိုပါတယ်။ နွေးနွေးထွေးထွေးနဲ့။ ဘာမှလည်း မလုပ်ပါဘူး။ ကိုယ့်မိဘရှိရာကို ပြန်အပ်ပေးတယ်၊ ပြီးရင် ကျွန်တော်တို့ကို ထောက်ပံ့မှုတွေပေးတယ်၊ အလုပ် အကိုင်တွေကအစ အကုန်ပေးပါတယ်။ အဲဒီအထဲမှာ ရှိနေတဲ့၊ အမှောင်ထဲမှာ ရှိနေတဲ့သူ အကုန်လုံး ကျွန်တော်တို့ ပြန်ပြီးတော့ ဖိတ်ခေါ်ပါတယ်။

၂။ သူငယ်ချင်းတွေ စုပြီးတော့ ငါတို့လည်း ဝင်ကြမယ်ပေါ့။ လိုင်းပေါ်ကနေ သူငယ်ချင်းတွေနဲ့ ချိတ်ပြီးတော့ ဝင်သွားတာ။ ပထမ ကျွန်တော်တို့က တပ်ခွဲက နေပြီးတော့ တာဝန်ထမ်းဆောင်တာ။ တပ်ခွဲကနေပြီးတော့ ရာထူးတက်သွားတော့ ရင်းဖြစ်သွားတာ။ ရင်းမှာဆက်ပြီး တာဝန်ထမ်းဆောင်တာ။ တိုက်ပွဲကို ခေါ်တာတော့ လိုက်ဖူးတယ်။ ဒါပေမယ့် ပွဲထဲကို ထိထိရောက်ရောက်တော့ မရောက်ခဲ့ဘူး။ မိသားစုတွေနဲ့ ကတော့ အဆက်အသွယ်ရတယ်။ အလင်းဝင်ဖို့ကျတော့ ကျွန်တော် တို့မြို့နယ်ကပဲအဲဒီကနေချိတ်ဆက်ပြီး ဝင်လိုက်တာ။ ဒါပေမယ့်ဒီဘက် ရောက်တော့ နွေးနွေးထွေးထွေးနဲ့ အကောင်းဆုံး ကြိုဆိုတယ်။ ကျွန်တော် ထင်ထားတာထက် တောင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ ကျွန်တဲ့သူတွေကိုလည်း သူတို့မိဘတွေနဲ့ ဆုံစည်းစေချင်တယ်။ အကုန်လုံးကို ဖိတ်ခေါ်ပါတယ်။ မိသားစု စုံစုံလင်လင်နဲ့ ဖြစ်စေချင်တယ်။ **သတင်းစဉ်**

စာမျက်နှာ ၁၆ မှ

၎င်းက ဆက်လက်၍ **"ကင်ဆာကုသရေးသာမကပါဘူး၊ ကင်ဆာသုတေသနလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။ အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကို ဗဟိုပြုပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ကင်ဆာကုသနေတဲ့ ဆေးရုံကြီးတွေမှာ ကင်ဆာလူနာ မှတ်ပုံတင်ခြင်း လုပ်ငန်းတွေကိုလည်း နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနဲ့ စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်နေပါတယ်"** ဟု ပြောသည်။

ထိုသို့ နည်းပညာနှင့် ကုသမှုကဏ္ဍများကို နိုင်ငံတော်က အဆင့်မြှင့်တင်ဆောင်ရွက်နေသော်လည်း ဝေနာရှင်များဘက်မှ ကင်ဆာရောဂါအမျိုးမျိုး အကြောင်းကို ကြိုတင်သတိပြုမိရန်လည်း လိုအပ်လှပေသည်။

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါ အမျိုးမျိုးရှိပြီး ကုသမှုပုံစံများမှာ တူညီမှုမရှိနိုင်ပေ။ လက်ရှိတွင် အမျိုးသား ကင်ဆာကုသရေးဗဟိုဌာနသို့လာရောက် ပြသကြသည့် လူနာများအနက် အမျိုးသမီးများတွင် ရင်သားကင်ဆာ၊ ခံတွင်းလည်ချောင်းကင်ဆာ၊ သားအိမ်ခေါင်း ကင်ဆာတို့မှာ အဖြစ်အများဆုံးဖြစ်ပြီး အမျိုးသားများတွင်မူ ခံတွင်းလည်ချောင်း ကင်ဆာ၊ အသံအိုးကင်ဆာနှင့် အစာရေမျိုကင်ဆာတို့ အဓိက အဖြစ်များသည်ကို မြင်တွေ့ကြားသိခဲ့ရသည်။

ကင်ဆာရောဂါသည် လူအများကြောက်ရွံ့ ထိတ်လန့်ကြသည့်အတိုင်း အသက်အန္တရာယ်နှင့် နီးစပ်သော ရောဂါကြီးတစ်ခုဖြစ်သည်မှာ မှန်သော်လည်း ကင်ဆာဟု သိရုံမျှဖြင့် စိတ်ဓာတ်ကျ အရှုံးပေးရန်မလိုပေ။ ယနေ့ခေတ်တွင် ဆေးပညာ၊ နည်းပညာများ ထွန်းကားလာဖြင့်ဖြစ်ရာ ကင်ဆာရောဂါအချို့သည် စနစ်တကျကုသပါက လုံးဝပျောက်ကင်းနိုင်သည့်အဆင့်သို့ ရောက်ရှိပြီဖြစ်သည်။

ရောဂါဖြစ်ပွားမှု ကုသခြင်းထက် **"ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ကောင်းသည်"** ဆိုသည့်အတိုင်းပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်မှုပုံစံများ ရှိစေရန်၊ အရက်နှင့် ဆေးလိပ်သုံးစွဲမှု လျော့ချရန်၊ သားအိမ်ခေါင်းကင်ဆာနှင့် အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးများ ထိုးနှံကြရန်နှင့် အဓိကသော့ချက်မှာ ရောဂါကို အစောပိုင်းအဆင့် (Early Stage)၌ စောစီးစွာ သိရှိရန်ပင် ဖြစ်သည်။

"စောစောသိရင် စောစောကုမယ်။ တချို့လူနာတွေက ဓာတ်ရောင်ခြည်နဲ့ ကုသရင်ရနိုင်တဲ့ အကျိုးကျေးဇူးကို မသိတဲ့အခါကျတော့ အသိပညာအားနည်းတဲ့အတွက်ကြောင့် ရောဂါတွေက မတိုးသင့်ဘဲ တိုးလာတယ်။ မဖြစ်သင့်တာတွေလည်း ဖြစ်ကုန်တယ်။ ဒီတော့ ထိရောက်တဲ့ ကင်ဆာရောဂါကုသရေးအတွက် အဟန့်အတားဖြစ်တာပေါ့။ ပြည်သူလူထုကို အသိပညာတွေ မျှဝေပေးနိုင်အောင် ကျန်းမာရေးဌာနကလည်း စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဆေးကုဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ မိုးလှိုင်က ပြောသည်။

သို့ဖြစ်ရာ ကင်ဆာရောဂါများကို ကုသမှုပေးနေသည့် ပြည်သူ့ဆေးရုံကြီးများအပြင် ကင်ဆာဟူသမျှကို ထိရောက်စွာ ကုသပေးမည့် အမျိုးသားကင်ဆာကုသရေးဗဟိုဌာနကြီးတစ်ခုကို ယခုကဲ့သို့ သီးသန့်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းက ကင်ဆာဝေဒနာရှင်များအတွက် မျှော်လင့်အားထားရာ နေရာတစ်ခု ဖြစ်လာမည်ဖြစ်ပြီး ပြည်သူများ၏ ကျန်းမာရေးအတွက် လိုအပ်ချက် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးရာ ရောက်သည်ဟုဆိုလျှင် မှားမည်မထင်။

ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးဂရုပြု ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ အနေဖြင့်လည်း စောစောသိ၊ စောစောကုပါက ကင်ဆာဝေဒနာနှင့် နောက်ဆက်တွဲ လူမှုဒုက္ခများဘေးမှ ကင်းဝေးနိုင်မည်ဖြစ်သည့်အတွက် အချိန်မီပြသစစ်ဆေးကာ ကုသမှု ခံယူရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

သတင်းဆောင်းပါး - သီသီမင်း
ဓာတ်ပုံ-နေလင်း

နေပြည်တော်မြေအသုံးချမှု ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်မြေအသုံးချမှု ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဓေယျာမြေ)

မိတ္ထီလာလွင်ပြင် ရေတင်စီမံကိန်း၏ အကျိုးပြုဧရိယာများအပြင် ထပ်မံတိုးချဲ့ ရေပေးဝေနိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း ကျေးရွာအနီးရှိ ဒိုင်ကောင်းကုန်း (Point-2) ဆိုလာစနစ် ရေတင်စီမံကိန်း ၏ ၁၆၀၀ လုပ်ငန်းခွင်သို့ရောက်ရှိ စစ်ဆေးသည်။

ထို့နောက် ခင်ဘန်း (လွင်ပြင်တိုးချဲ့) ဆိုလာစနစ်ရေတင်စီမံကိန်း ၏ ၇၀၀ လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ မန္တလေးငလျင်ကြီးကြောင့် နေရာပြောင်းရွှေ့ တည်ဆောက်ခဲ့သည့် ဝမ်းတွင်းမြို့နယ် ကင်းတား လက်ဝဲတူးမြောင်း ပေတိုင် – ၁၃၄၂၀၀ ရှိ စမုရေငုပ်ပြွန်အသစ် ပြန်လည် တည်ဆောက်ခြင်း၊ တူးမြောင်းအသစ် မြေဖို့ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာစည်မြို့နယ် အတွင်းရှိ ကုန်းမြင့်ပိုင်းဧရိယာများတွင် ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန် စူးစမ်းလေ့လာထားရှိမှု၊ မင်းလှကန်ရေသောက်စနစ် အမှတ် (၇) ရေပေးမြောင်းနှင့် ကုန်းတောင်းကျေးရွာအနီးရှိ ကုန်းတောင်းကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် "ကမ္ဘာကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမားပယ်ဖျောက်ရေးဆိုင်ရာ ကော်မတီက ပုသိမ်မြို့ အမှတ် (၃) ရပ်ကွက် ဘိုးဘွားရိပ်သာရုပ်တုအနီး၌ Billboard စိုက်ထူခြင်း အခမ်းအနားပြုလုပ်ရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

စာအုပ်စာပေလူမှုမိတ်ဆွေ

ဝန်းသိုမြို့၌ သန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ဝန်းသို ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အကြောင်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ဦးစီးဌာန အစုအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ဆရာဝန်ကြီးဒေါက်တာ တင့်လွင်က တစ်ကိုယ်ရေသန့်ရှင်းရေး စနစ်တကျ သွားတိုက်နည်း နှင့်ခြေ လက်ဆေးနည်းအကြောင်း၊ မိလ္လာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေး၊ ရေသန့်ရှင်းရေးနှင့် အစားအသောက်သန့်ရှင်းရေးစသည့်သန့် (၄) သန့် အကြောင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အကြောင်းတို့ကို အသိပညာပေး ပြောကြားသည်။

ဝန်းသိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ယင်လုံအိမ်သာသုံးစွဲမှုရာနှုန်းပြည့်မီရေးနှင့် အခြေခံမိလ္လာစနစ်သုံးစွဲမှု မြင့်မားလာရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းဖွင့်

ဘိုကလေး ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတွင် ယမန်နေ့က တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာပြုလုပ်ခြင်း သင်တန်းစတင်ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းအား နှစ်ရက်ကြာပို့ချပြီး မြို့နယ်အတွင်းမှ မွေးမြူရေးသင်တန်းသား ၂၀ တက်ရောက်ကြသည်။ **မိုးစက်(ဘိုကလေး)**

မြစ်သားမြို့နယ်၌ စိုက်ကေပြည့်မီရေး အသိပညာပေး

မြစ်သား ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲ၊ မျိုးစေ့ပေးအပ်ပွဲနှင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ကေပြည့်မီရေး အသိပညာပေးဆွေးနွေးပွဲတို့ ယမန်နေ့က ရစ်ကန်စိုက်ပျိုးရေးနည်းပညာပေးစခန်း၌ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံအောင်နှင့် တာဝန်ရှိသူများက မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် (စပါး၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပိုက်ဆံလျှော်၊ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ဓာတ်မြေဩဇာ)များကို ပေးအပ်ပြီး ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများက ၂၀၂၆-၂၀၂၇ ခုနှစ် ဆီထွက်သီးနှံ

(မြေပဲ၊ နှမ်း၊ နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး ရှင်းလင်းပြောကြားပြီး တောင်သူများက သိလိုသော အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**

ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာ သဘာဝရေကန်အတွင်း၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးကျော်အောင်နှင့် ဝန်ထမ်းများက ရေဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ရေဘေးအန္တရာယ်ကြုံတွေ့ရပါက ကူညီဆောင်ရွက်ရမည့်နည်းများကို ဇွန် ၁၁ ရက်က လက်တွေ့သရုပ်ပြသစဉ်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

စလင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများ ဆက်လက်ထုတ်ချေး

စလင်း ဇွန် ၁၂

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ဆက်လက် ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့က စလင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာဦးဌေးလွင်နှင့် ဝန်ထမ်းများက မြေဓိဂုနိုးကျေးရွာအုပ်စု နှင့် ရုံးပင်ကန်ကျေးရွာအုပ်စုမှ တောင်သူ ၂၅၇ ဦး၏ မိုးစပါး ၈၂၆ ဧကနှင့် အခြားသီးနှံ ၆၂ ဧက စုစုပေါင်း ၈၈၈ ဧကအတွက် ချေးငွေကျပ် ၂၆၃၃ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်းနှင့် ယနေ့အထိ

ကျေးရွာအုပ်စု လေးအုပ်စုအား ထုတ်ချေးပြီးစီးပြီး ထုတ်ချေးပေးရန် ကျန်ရှိသည့်ကျေးရွာအုပ်စု များအား ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**

မြစ်ကြီးနာ၌ ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်မှု သင်တန်းဖွင့်

မြစ်ကြီးနာ ဇွန် ၁၂

မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ခြင်း သင်တန်းကို ဇွန် ၉ ရက်က လီဆူလူမျိုးများ ယာယီနေရပ်စွန့်ခွာစခန်းတွင် ဖွင့်လှစ်ပေးရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးအောင်မျိုးဝင်းက အမှာစကားပြောကြားပြီး ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက မိသားစုစားဝတ်နေရေး အထောက်အကူပြုငွေနှင်းမှိုစိုက်ပျိုးခြင်း စာတွေ့လက်တွေ့သင်ကြားပေးရာ မြစ်ကြီးနားမြို့ မနံခိန်ရပ်ကွက်အတွင်း ရှိလီဆူလူမျိုးများတက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့သည်။ **ထွန်းထွန်းဝင်း**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	စီမံကိန်း/လုပ်ငန်းအမည်
က	1(T)/DPTSC(PSD)/2026-2027	၂၃၀ကေဗွီ ရွှေဖြူပင်မဓာတ်အားခွဲရှိရှိ 230/66/11kV, 33.33MVA Transformer (၁)လုံး၏ ချွတ်ယွင်းသွားသော အစိတ်အပိုင်းများ ပြုပြင်ခြင်းလုပ်ငန်း။
ခ	2(T)/DPTSC(PSD)/2026-2027	ဓာတ်အားစနစ်ဌာနရှိ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် 230kV Disconnecting Switch များဝယ်ယူရန်။
ဂ	3(T)/DPTSC(PSD)/2026-2027	ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများတွင် လျှပ်ကာစွမ်းရည် စမ်းသပ်သည့် Ultrasonic Device (5)Sets ဝယ်ယူရန်။
ဃ	4(T)/DPTSC(PSD)/2026-2027	၂၃၀ကေဗွီ ဘီလူးချောင်း(၂)-တောင်ငူ ဓာတ်အားလိုင်းပြောင်းရွှေ့တည်ဆောက်ရန်အတွက် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများဝယ်ယူရန်။
င	5(T)/DPTSC(PSD)/2026-2027	National Control Center (Naypyitaw) တွင် အစားထိုးတပ်ဆင်အသုံးပြုရန်အတွက် Video Wall Display ဝယ်ယူရန်။
စ	6(T)/DPTSC(PSD)/2026-2027	မြစ်ကြီးနားမြို့၊ ဗလမင်းထင်တံတားပေါ်တွင် တပ်ဆင်သွယ်တန်းထားသည့် ၆၆ကေဗွီ ပိုင်းမော်-မြစ်ကြီးနား(၁) ဓာတ်အားလိုင်းကောဃယ်လ် ချွတ်ယွင်းမှုအား ပြန်လည် ပြုပြင်ခြင်း (Turnkey) လုပ်ငန်း။
ဆ	7(T)/DPTSC(PTP)/2026-2027	ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘီလပ်မြေ ၁၁,၄၅၀ အိတ် ဝယ်ယူရန်။
ဇ	8(T)/DPTSC(PTP)/2026-2027	ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ တန် ဝယ်ယူရန်။
ဈ	9(T)/DPTSC(PSD)/2026-2027	ဓာတ်အားစနစ်ဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘီလပ်မြေ ၁၆,၄၂၀ အိတ် ဝယ်ယူရန်။
ည	10(T)/DPTSC(PSD)/2026-2027	ဓာတ်အားစနစ်ဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ ၁၉၄.၇၅ တန် ဝယ်ယူရန်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါဖိတ်ရက် (၂၅-၆-၂၀၂၆)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၀၈၊ ၀၆၇-၃၄၁၀၅

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀) ဆေးဝါးနှင့်ဆေးပစ္စည်းများ ဝယ်ယူနိုင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူနည်းဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ
(ဃ) ဆေးရုံသုံးဆေးပစ္စည်းများ (Consumables)

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက်နှင့်အချိန် - ၁၇-၆-၂၀၂၆ (ဗုဒ္ဓဟူးနေ့)၊ နံနက် (၁၀:၀၀)နာရီ
တင်ဒါဖိတ်မည့်ရက်နှင့်အချိန် - ၃၀-၆-၂၀၂၆ (အင်္ဂါနေ့)၊ ညနေ (၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခွဲဝေမှုယ်ရေးကော်မတီ
နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် ၀၆၇-၈၄၃၀၀၉၂
၀၉-၄၀၂ ၆၃၉ ၁၈၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁၂/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)တို့မှ ယူရိုးယားဓာတ်မြေဩဇာ (အောက်ဂျူး+ ဂျိုးခဲ) ၃၇၇.၁၇ တန်အား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖွင့်လှစ် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား ၁၆-၆-၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄၄)၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၃၀-၆-၂၀၂၆ ရက်နေ့ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာဆုခန်း(မ)(နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ဖုန်း- ၀၆၇-၃၄၁၀၀၈၂, ၀၉-၅၄၁၅၅၁၃

ပတ်စ်ပို့ပျောက်

မင်းဘူး(စက္ကူမြို့နယ်၊ မကျိုးသုံးပင်ကျေးရွာနေ (၁၁) ဦးသန်းဌေးဏီသမီး ကျန်မာ မမိုးသုဓာ ၈/မဘန(နိုင်)၁၆၇၆၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နိုင်ဘ)မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉၄၂၄၄၀၆၁၅

တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ အထက(၉) ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မင်းဒွဲမွန်သန့် ၏ ဖခင်သည် မင်းထွန်းဖြင့် (၃)ဦးမင်းထွန်းမြင့် ၁၀/မလမ(နိုင်)၁၂၄၄၆၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မင်းထွန်းဖြင့်(၃)ဦးမင်းထွန်းမြင့်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားနီးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၇)၊ အကွက်အမှတ် (၃၁/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်(၃၁/က*)၊ ဧရိယာ(၀.၂၁၄) ကော၊ မြေငှားဂရန် အမှတ်ဝဲအမှတ် ၄၁၆-၅၂/၂၀၁၃-၂၀၁၄(အေ)၊ ခေါ်နှစ်ဦးညွှန့်မေ ၁၃/လရန(နိုင်)၀၃၈၀၇၆ အမည်ပေါက် မြေကွက်အား ခေါ်နှစ်ဦးညွှန့်မေ ၁၃/လရန(နိုင်)၀၃၈၀၇၆ မှ ဦးစိုင်းပြည့်ဖြိုးအောင် ၁၃/လရန(နိုင်)၁၄၇၉၂၅၅ ဦးစိုင်းအောင်ကျော်ကျော် ၁၃/လရန(နိုင်)၁၄၇၉၂၅၆ ဦးစိုင်းအောင်ကျော်မိုး ၁၃/လရန(နိုင်)၁၄၈၉၃၀ တို့မှ စာချုပ်အမှတ် (၁၄၇၊၂၀၂၆)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ပြုပြီး ဧရိယာ(၀.၀၆၈)ကအား နိုင်းပြည့်ဖြိုးအောင်သို့လည်းကောင်း၊ ဧရိယာ (၀.၀၆၇) ကော်အား ဦးစိုင်းအောင်ကျော်ကျော်သို့လည်းကောင်း၊ ဧရိယာ(၀.၀၇၇)ကော အား ဦးစိုင်းအောင်ကျော်မိုး သို့လည်းကောင်း အသီးသီးစွန့်လွှတ်ပြီးဖြစ်သဖြင့် ဦးစိုင်းပြည့်ဖြိုးအောင်ပါ (၃)ဦးအပြင် ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်လျောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက ၁၀ဘင်စာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးစိုင်းပြည့်ဖြိုးအောင် ပါ (၃)ဦး အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃) လွိုင်လင်ခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမူအမှတ် ၁

ကွယ်လွန်သူ- ဦးစိုင်းမွန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လဲချားမြို့၊ ရပ်ကွက်(၄၂)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ- ဦးစိုင်းမွန်း၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် စီးနင်းဖြစ်သူ ခေါ်သင်းသင်းလိုင်က အမွေ ဆက်ခံခြင်း ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်)တွင် ဆိုင်ဆို ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ- ဦးစိုင်းမွန်း၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတိုအား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်ပြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်(၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက်)တွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆို လိုက်သည်။ လာရောက် ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ခေါ်သင်းသင်းလွိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် ဤရုံးတော်တက်ဆိုပိုရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(မေမိမိစစ်း)
ခရိုင်တရားသူကြီး
လွိုင်လင်ခရိုင်တရားရုံး

ဘိုးဘဝိုင်း/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၆)ရပ်ကွက်၊ အကွက်အမှတ်-(၄)၊ အကွက်အမည်-ပန်းဘဝတန်း၊ ဦးပိုင်အမှတ်(၂၇-ခ)၊ ဧရိယာ(၀.၁၂)ဧကာ၊ ရေခြားနားချက် အမှတ်ခွဲအမှတ် ၄၁၆-၅၂/၂၀၁၃(အေ)၊ ခေါ်နှစ်ဦးညွှန့်မေ ၁၃/လရန(နိုင်)၀၃၈၀၇၆ အမည်ပေါက် မြေကွက်အား ခေါ်နှစ်ဦးညွှန့်မေ ၁၃/လရန(နိုင်)၀၃၈၀၇၆ မှ ဦးစိုင်းပြည့်ဖြိုးအောင် ၁၃/လရန(နိုင်)၁၄၇၉၂၅၅ ဦးစိုင်းအောင်ကျော်ကျော် ၁၃/လရန(နိုင်)၁၄၇၉၂၅၆ ဦးစိုင်းအောင်ကျော်မိုး ၁၃/လရန(နိုင်)၁၄၈၉၃၀ တို့မှ စာချုပ်အမှတ် (၁၄၇၊၂၀၂၆)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခွင့်ပြုပြီး ဧရိယာ(၀.၀၆၈)ကအား နိုင်းပြည့်ဖြိုးအောင်သို့လည်းကောင်း၊ ဧရိယာ (၀.၀၆၇) ကော်အား ဦးစိုင်းအောင်ကျော်ကျော် သို့လည်းကောင်း၊ ဧရိယာ(၀.၀၇၇)ကော အား ဦးစိုင်းအောင်ကျော်မိုး သို့လည်း ကောင်း အသီးသီးစွန့်လွှတ်ပြီးဖြစ်သဖြင့် ဦးစိုင်းပြည့်ဖြိုးအောင်ပါ (၃)ဦးအပြင် ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်လျောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက ၁၀ဘင်စာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးစိုင်းပြည့်ဖြိုးအောင် ပါ (၃)ဦး အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်မြို့စီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းမြို့စီးဌာန၊ တောင်ငူမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၉/ဂ၁၈၀ပ)၊ ဦးပိုင် အမှတ် (၁၀/)၊ မြေဧရိယာ (၀.၁၇) ဧကကို မူလက ခေါ်နန်မိုင် အမည်ဖြင့် မြေခွန်ပြေစာအည်ပေါက် မြေကွက်ဖြစ်ပြီး၊ (၁၉-၃-၂၀၁၀) ရက်တွင် ခေါ်နန်မိုင်က ထံမှ ဦးချစ်ဟန်ဦးက နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးချစ်ဟန်ဦး ၁/မကန(နိုင်)၁၃၉၈၁၄ အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျွဲးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်ဝင်ပြန်ခဲ့သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေ အမိန့် - ၄၁ ၊ နည်းဥပဒေ - ၁၄) ပျဉ်းမနားခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ် ၊ တရားမအယူခံမှုအမှတ် - ၅

မမြိုးဝေကို နှင့် မောင်ဉာဏ်လင်းထွန်း (အယူခံတရားလို) (အယူခံတရားပြိုင်)

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နွဲ့ပါ ဓမ္မုသီရိမြို့နယ်တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၃၈/၂၀၂၄အမှုတွင် ချမှတ်သော စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု။

အယူခံတရားပြိုင် မောင်ဉာဏ်လင်းထွန်း၊ ဓမ္မာရုံလမ်း၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့ (ယခုလိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ဓမ္မုသီရိမြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ ဇွန်လ၁၉ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးခွန်ဖြူ)
ခရိုင်တရားသူကြီး
ပျဉ်းမနားခရိုင်တရားရုံး

ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/1006 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညနု (ရွှေသာကြီး)

ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR/1035၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညနု (ရွှေသာကြီး)

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၄-၂၀၂၆ ရက်ထုတ် ဤသတင်းစာစာမျက်နှာ (၃၀) ပါ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 82W/82727 အစား 52W/82727 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/6089, ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ဂု/တငန(နိုင်)၀၅၆၃၀၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနု၊ ခရိုင်ရုံး
(တောင်ငူ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/2884, Toyota Landcruiser HDJ81, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ခေါ်နန်းလှယုံ ၁၃/တကန(နိုင်)၀၁၈၃၈၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနု၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/55514, Honda Scoopyi-110, M/C ယာဉ်လက်ဝယ်ရှိသူ ခေါ်အိအိထွေး ဧ/မမန(နိုင်)၁၉၁၃၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနု၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ (ဟိုခို၊ ဂယ်လောင်း) စိုက်/မွေးစခန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ (ဟိုခို၊ ဂယ်လောင်း) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတက်သင်စခန်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေစုင်း(မူလ)ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၆-၂၀၂၆ ရက်မှ ၂၆-၆-၂၀၂၆ ရက်ထိ
၃။ တင်ဒါလျှောက်လွှာ ရောင်းချသည့်နေရာ - ရှမ်းပြည်နယ်ဦးစီးမှူးရုံး
၄။ တင်ဒါဖွင့်ဖောက်မည့် နေ့ရက်နှင့်အချိန် - ၂၉-၆-၂၀၂၆ ရက် (၁၀၀၀)နာရီ
၅။ တင်ဒါဖွင့်ဖောက်မည့်နေရာ - ရှမ်းပြည်နယ်ဦးစီးမှူးရုံး
